# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၀၈၂)


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ် (ဓမ္မပဒ-၂၅၈)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိတို့တတ်ကျွမ်းသည့် ဆေးပညာရပ်များကို လက်တွေ့နယ်ပယ်တွင် ကောင်းမွန်စွာအသုံးချပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် "သမားဇာနည် အောင်စစ်သည်များ" ဖြစ်အောင် ကြိုးစား

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး စည်သူမောင်မောင်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးနှင့် မင်္ဂလာဒုံတပ်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၂)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ဇေယျာမျိုးနောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မြတ်မင်းသူနှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ဆက်နိုင်အောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် ကောင်းမြတ်သည့် အစဉ်အလာများနှင့် သန္ဓေတည်အစပြုခဲ့သည့် တပ်မတော်တွင် မွန်မြတ်သည့် အစဉ်အလာကောင်းများရှိသည့် တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များအဖြစ်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၂) မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ဇေယျာမျိုးနောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

**ယနေ့ ဖတ်စရာ**


ဩစတြေးလျနိုင်ငံ၌ အသက် ၅ နှစ်မှ ၁၁ နှစ်ကြား ကလေးများ ကာကွယ်ဆေးထိုးရန် ကြိုတင်စာရင်းပေးသွင်း — နိုင်ငံတကာသတင်း စာ - ၁၂

ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု ဓာတ်အားလိုင်းပြင်ပစနစ် ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသည့် မူဝါဒရေးရာ — ဆောင်းပါး စာ - ၂၀

မြန်မာ့အလင်း

## နိုင်ငံသားများ ခန္ဓာကိုယ်ဖွံ့ဖြိုးရေး ကလေးဘဝမှစ၍ အာဟာရပျိုးထောင်

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားခဲ့ရာ မြန်မာနိုင်ငံသားတို့၏ မျှော်မှန်းသက်တမ်းနိမ့်ကျနေမှု၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအားနည်းနေမှုတို့နှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲမြှင့်တင်ရေး ဆောင်ရွက်ရန် ထည့်သွင်းပြောကြားခဲ့သည်။

"မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ လူဦးရေဌာနမှ တွက်ချက်ရာတွင် ၆၇ ဒသမ ၇၈ နှစ်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ကမ္ဘာ့အဆင့်တွင် ၁၅၁၊ အိမ်နီးချင်းနိုင်ငံများတွင် အဆင့် ၆၊ အာဆီယံနိုင်ငံများတွင် အဆင့် ၁၀ ရှိသဖြင့် အနိမ့်ဆုံးဖြစ်ကြောင်း၊ မျှော်မှန်းသက်တမ်းကို အခြေခံတွက်ချက်ရာတွင် ကိုယ်ဝန်ဆောင်နှင့်ကလေးငယ် ဘဝအခြေအနေများ၊ ပညာသင်ကြားမှုအခြေအနေများ၊ လူမှုစီးပွားဘဝအခြေခံများ၊ လူနေမှုပုံစံများ၊ ကလေးသေဆုံးမှုနှုန်းများအပေါ်တွင် အဓိကထားတွက်ချက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံသားများ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုတွင်လည်း အားနည်းလျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း တိုးမြှင့်နိုင်ရန်အတွက် စားသောက်မှု၊ နေထိုင်မှု၊ ပညာတတ်မြောက်မှု၊ စီးပွားရေးမြှင့်တင်နိုင်မှုများ ပြုပြင်ပြောင်းလဲမြှင့်တင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း" ပြောကြားခဲ့ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသများ၌ လူဦးရေအများစု နေထိုင်ကြခြင်းဖြစ်သည့်အတွက် ကျေးလက်ဒေသနေ မိခင်များနှင့် ကလေးမိဘများအား အာဟာရဖွံ့ဖြိုးရေးအတွက် ပညာပေးမှုများကို စဉ်ဆက်မပြတ် ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသနေ မိသားစုများ၏ စီးပွားရေးနှင့် ဝင်ငွေအဆင့်အတန်း၊ ဒေသအတွင်း အလွယ်တကူပေါများစွာ ရရှိနိုင်သည့် ဟင်းသီးဟင်းရွက်၊ သားငါးနှင့် အစားအစာများ၊ မိရိုးဖလာစားသောက်ပုံဓလေ့များနှင့် လိုက်လျောညီထွေရှိနိုင်မည့် အာဟာရပြည့်ဝစွာ စားသောက်နည်းများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး စားသောက်စေမှသာ လက်တွေ့ကျကျ လိုက်ပါဆောင်ရွက်လာကြမည်ဖြစ်သည်ဟု ယူဆမိသည်။ မြို့ပေါ်နေ ပညာတတ်၊ ဝင်ငွေအလယ်အလတ်အဆင့် မိသားစုများတွင် ကလေးများ ခန္ဓာကိုယ်ဖွံ့ဖြိုးရေး၊ မှတ်ဉာဏ်ကောင်းမွန်ရေးအတွက် အစားအသောက် ဆေးဝါးတို့ဖြင့် ဆောင်ရွက်နိုင်သော်လည်း ကျေးလက်ဒေသမှ ဝင်ငွေနည်းသူများအဖို့ အာဟာရဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင်မူ ပညာပေးမှု အပိုင်းကရော၊ လိုက်ပါဆောင်ရွက်သူအပိုင်းကပါ နှစ်ဦးနှစ်ဖက်အားထုတ် ကြိုးပမ်းကြမှ ကောင်းကျိုးရလဒ်ရရှိကြမည်ဖြစ်သည်။

ကလေးများ အာဟာရပြည့်ဝမှသာ ခန္ဓာကိုယ်ကျန်းမာဖွံ့ဖြိုးကြီးထွားနိုင်ပြီး ဦးနှောက်နှင့် မှတ်ဉာဏ်လည်းကောင်းစွာ ဖွံ့ဖြိုးနိုင်မည်ဖြစ်ရာ ကလေးဘဝကတည်းက အာဟာရပြည့်ဝအောင်ကျွေးမွေးတတ်ကြဖို့လိုသည်။ ဝင်ငွေနည်းပါး၍ဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ အသားစားနည်းခြင်းကြောင့် ပရိုတင်း ဓါတ် အသားဓာတ်ချို့တဲ့ခြင်းက ခန္ဓာကိုယ်ကြီးထွားမှုကို ထိခိုက်စေသည်။ ငါးအသေးအဖွဲများ၊ ဥနှင့် ပဲအမျိုးမျိုးတို့သည်လည်း ဝင်ငွေနည်း ဆင်းရဲသားများအတွက် အသားဓာတ်ရနိုင်သော အာဟာရ ရင်းမြစ်များပင်ဖြစ်သည်။ နောက်တစ်မျိုးမှာ သံဓာတ်ချို့တဲ့မှုဖြစ်ပြီး မြန်မာနိုင်ငံမှ ကလေးအတော်များများတွင် တွေ့ရှိရသည်ဟု ကျန်းမာရေးပညာရှင်များက ပြောကြားကြပြီး သံဓာတ်ချို့တဲ့ခြင်းကြောင့် သွေးအားနည်းကာ လူကောင်သေးနေကြကြောင်း၊ သွေးအားနည်းခြင်းက ဦးနှောက်ကို သွေးထောက်ပံ့မှုနည်းပြီး ဦးနှောက်ဖွံ့ဖြိုးမှုကိုလည်း ထိခိုက်စေကြောင်းဖြင့်လည်း အသိပေးထားသည်။ သံဓာတ်သည် ကြက်၊ ဝက်၊ အမဲတို့၏ အသည်းများ၊ ကန်စွန်းရွက်၊ ဟင်းနုနယ်ရွက်၊ ပဲအမျိုးမျိုးတို့တွင် ပါဝင်ရာ မိမိတို့တတ်နိုင်သည့် အစားအစာကို ပြည့်ပြည့်ဝဝ စားကြရန်လိုသည်။

အဓိကအားဖြင့် မိမိတို့ နေ့စဉ်စားသောက်မှုသည် ဝမ်းဝရုံသက်သက်မျှမဟုတ်ဘဲ မိမိတို့၏ ဝင်ငွေအဆင့်အတန်းနှင့် ကိုက်ညီစွာ အာဟာရပြည့်ဝအောင် ချက်ပြုတ်စားသောက် ကျွေးမွေးတတ်ကြရန်ပင်ဖြစ်သည်။ ဆေးလိပ်၊ ကွမ်းယာ စသည့် ကျန်းမာရေးကို ထိခိုက်စေသကဲ့သို့ ဝင်ငွေကိုပါ အလဟဿဖြစ်စေသည့် သုံးစွဲမှုများကို ဆင်ခြင်လိုက်ခြင်းအားဖြင့်လည်း မိသားစုထမင်းဝိုင်းကို ပိုမိုပြည့်စုံလာစေနိုင်မည်ဖြစ်သည်။ အာဟာရပြည့်ဝရေးသည် ငွေကုန်ကြေးကျများသည့် စားသောက်မှုပုံစံကို ဆိုလိုသည်မဟုတ်ဘဲ မိသားစုအခြေအနေနှင့် လိုက်လျောညီထွေ ရွေးချယ်စားသောက်နိုင်ရေးသာ ဖြစ်ပါကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု (၂) မှု နှင့် တရားမအထူးအယူခံမှု (၅) မှုတို့ကို စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု (၅) မှု တို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူး အယူခံမှုအမှတ် ၅/၂၀၂၁ (မွန်) နှင့် ၆/၂၀၂၁ (တနင်္သာရီ)၊ တရားမ အထူးအယူခံမှုအမှတ် ၈၉/၂၀၁၉ (မွန်)၊ ၉၆/၂၀၁၉ (မန္တလေး)၊ ၉၇/၂၀၁၉ (မန္တလေး)၊ ၈/၂၀၂၀ (ရန်ကုန်) နှင့် ၁၁/၂၀၂၀ (မကွေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂) မှု နှင့် တရားမအထူးအယူခံမှု (၅) မှုတို့ကို စီရင်ချက် ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၄/၂၀၂၀(မကွေး)၊၁၆/၂၀၂၀ (မန္တလေး)၊ ၂၀/ ၂၀၂၀ (မန္တလေး)၊ ၂၁/၂၀၂၀ (မွန်) နှင့် ၂၃/၂၀၂၀ (ရှမ်း)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၅) မှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မန္တလေးနည်းပညာတက္ကသိုလ် သန့်ရှင်းသပ်ရပ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မန္တလေး ဒီဇင်ဘာ ၂၀



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေး နည်းပညာတက္ကသိုလ်ဝင်းအတွင်း လူအင်အား၊ စက်ယန္တရား အင်အားတို့ဖြင့် သစ်ပင် ချုံနွယ်၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ အလင်းကောင်းမွန်စွာရရှိစေရန် လမ်းဘေးဝဲယာရှိ သစ်ပင်ကြီးများ အလင်းဖွင့်ခြင်း ဆောင်ရွက်နေမှုများ၊ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ **(ယာပုံ)** သန့်ရှင်းရေး ဆောင်ရွက်နေသူများကို အားပေးစကားများ ပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တက္ကသိုလ်ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ တက္ကသိုလ်များ ဖွင့်လှစ်သည့်အခါ ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာများသင်ယူနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျောင်းများတွင်လိုအပ်သည့် Hardware ပိုင်းဆိုင်ရာများ၊ ကျောင်းဥပမိရပ်ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်ရေးများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများ ကျောင်းတက်ချိန်တွင် စိတ်ချမ်းမြေ့စွာဖြင့် ကျောင်းတက်နိုင်ရေးအတွက် သန့်ရှင်းရေး၊ လုံခြုံရေး၊ ကျန်းမာရေး၊ စားရေးသောက်ရေး သွားလာရေးမှအစ ပြီးပြည့်စုံရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း စေတနာထား ဆောင်ရွက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း လိုအပ်သည်များ ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ တက္ကသိုလ်မှ ဝန်ထမ်းများနှင့်အတူ မြက်ဖြတ်စက် ၃၆ လုံး၊ ဒိုဇာ နှစ်စီး၊ ကားကရိန်း နှစ်စီး၊ JCV Lorder တစ်စီး၊ အမှိုက်သိမ်းယာဉ် ၁၀ စီး၊ ၁၀ ဘီးယာဉ် လေးစီးတို့ အသုံးပြု၍ ဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၀-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 2 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 3 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 4 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 5 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti–inflammatory** | | | | |
| 6 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 7 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 8 | Injection– Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 9 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 10 | Injection – Remdesivir | Vial | 70000 | GHI |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**



- **တာဝန်ကျရာဒေသနှင့် တာဝန်ထမ်းဆောင်ရမည့် ဆေးတပ်ဖွဲ့အသီးသီးတွင် တပ်မတော်သားများ နှင့် မိသားစုဝင်များသာမက ပြည်သူလူထုကိုပါ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုများ၊ ကုသမှုပေးမှုများ၊ ကပ်ရောဂါဆိုင်ရာ ကြိုတင် ကာကွယ်ရေးတာဝန်များကို လက်ဆင့်ကမ်း ကြိုးပမ်းထမ်းဆောင်ကြရတော့မည်**
- **ထို့ကြောင့် တပ်မတော်ဆေးတက္ကသိုလ်က စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလိုက်သည့် ဆေးပညာရပ်များကို အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်ကို အလုပ်ကျွေးပြုကြရန် အလေးထား မှာကြားလို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေ စည်သူ မင်းအောင်လှိုင်အား ဗိုလ်လောင်းတပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက် အလေးပြုကြစဉ်။



❖ *ရွှေဖုံးမှ*

တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် **“တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများ မွေးထုတ်ပေးရန်”**ဟူသည့် ရည်ရွယ်ချက်နှင့်အညီ တပ်မတော်အရာရှိ ဆရာဝန်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်မှာ သင်တန်းဆင်းအရာရှိ စုစုပေါင်း ငါးထောင်ခန့် မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

**နိုင်ငံတော်နှင့်တပ်မတော်ကို အလုပ်ကျွေးပြု**

တာဝန်ကျရာဒေသနှင့် တာဝန်ထမ်းဆောင်ရမည့် ဆေးတပ်ဖွဲ့အသီးသီးတွင် တပ်မတော်သားများနှင့် မိသားစုဝင်များသာမက ပြည်သူလူထုကိုပါ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးမှုများ၊ ကုသမှုပေးမှုများ၊ ကပ်ရောဂါဆိုင်ရာ ကြိုတင် ကာကွယ်ရေး တာဝန်များကို လက်ဆင့်ကမ်းကြိုးပမ်းထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော် ဆေးတက္ကသိုလ်က စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလိုက်သည့် ဆေးပညာရပ်များကို အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်ကို အလုပ်ကျွေးပြုကြရန် အလေးထားမှာကြားလိုကြောင်း။

**စစ်မြေပြင်တွင် တပ်စုအဆင့်ကို ဦးဆောင်**

တပ်မတော်အရာရှိ ဆရာဝန်များဖြစ်ကြသည့်အတွက် စစ်သည်တော်ကောင်း စိတ်ဓာတ်နှင့် ဆရာဝန်ကောင်းစိတ်ဓာတ် နှစ်မျိုးစလုံးပြည့်စုံနေရန်လိုကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်က အရာရှိငယ်များတွင် ပြည့်စုံရမည့် ကိုယ်ကာယကြံ့ခိုင်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်ပြီး စည်းကမ်းရှိမှု၊ တာဝန်များကို ပင်ပန်းကြီးစွာ မည်မျှပင်ထမ်းဆောင်ရစေကာမူ ခံနိုင်ရည်ရှိပြီး မလျှော့သောဇွဲသတ္တိဖြင့် လုပ်ဆောင်တတ်မှုများအပြင် စစ်မြေပြင်တွင် တပ်စုအဆင့်ကိုဦးဆောင်နိုင်သည့် စစ်ပညာများကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

**ကိုယ်ချင်းစာနာမှုများ ထားရှိဆောင်ရွက်**

ထိုသို့ လေ့ကျင့်သင်ကြားပေးခဲ့ရာတွင် စစ်သည်တော်ကောင်းစိတ်ဓာတ် ပြည့်ဝစေရေး မိမိတို့ တပ်မတော်၏ Code Of Conduct သဘောသက်ရောက်သည့် ပြဋ္ဌာန်းချက်များဖြစ်သည့် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို တိကျစွာ လိုက်နာတတ်စေရန် လေ့ကျင့်ပေးခဲ့သကဲ့သို့ ဆရာဝန်ကောင်းစိတ်ဓာတ်ရှိစေရေး ဆေးပညာရပ်များအပြင် ဆေးပညာကျင့်ဝတ်နှင့်ညီသည့် သမားကောင်းများထားရှိရမည့် စိတ်ဓာတ်၊ ခံယူချက်များ ကောင်းမွန်စေရေး လေ့ကျင့်ပေးခဲ့ပြီးဖြစ်သဖြင့် လက်တွေ့နယ်ပယ် တာဝန်ထမ်းဆောင်ရာတွင် အကျိုးရှိစွာအသုံးချရန်မှာကြားလိုကြောင်း၊ ထို့ပြင် ဆရာဝန်များအဖြစ် ဘွဲ့အပ်နှင်းချိန်တွင် ရွတ်ဆိုကြရမည့် ဆရာဝန်များ အဓိဋ္ဌာန်ပြုကတိသစ္စာ ၉ ချက်ကို အခြေခံကျင့်ဝတ်အနေဖြင့် အမြဲစောင့်ထိန်းလိုက်နာပြီး လူနာများအပေါ်တွင် စေတနာ၊ အကြင်နာ၊ ကရုဏာဖြင့် ကိုယ်ချင်းစာနာမှုများ ထားရှိ ဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်း။

လူသားတိုင်းသည် သက်ရှည်ကျန်းမာသည့်ဘဝကို လိုလားတောင့်တမျှော်လင့်ကြကြောင်း၊ ထိုသို့ သက်ရှည်ကျန်းမာသည့် ဘဝကိုရရှိရန်အတွက် မိမိကိုယ်ကို အသိဉာဏ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရသကဲ့သို့ တစ်ဖက်မှလည်း ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အခန်းကဏ္ဍသည် အလွန်အရေးပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသမှုတစ်ခုတည်းမဟုတ်ဘဲ ရောဂါဖြစ်ပွားမှု ကာကွယ်ရေးလုပ်ငန်းများကိုလည်း ကြိုတင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူတိုင်းကျန်းမာစေရန်အတွက် “ကျန်းမာသော လူနေမှုပုံစံ (Healthy lifestyle) ဖြင့် နေထိုင်ခြင်း”၊ “ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး (Exercise is Medicine) ဆောင်ပုဒ်နှင့်အညီ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း” နှင့် “ရောဂါတစ်ခုချင်းစီအလိုက် ကာကွယ်ရေးနည်းလမ်းများကို လိုက်နာကျင့်သုံးခြင်း” စသည့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို မဖြစ်မနေ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**"တပ်မတော်သား ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုသာမက တစ်နိုင်ငံလုံးအနှံ့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေရာမရွေး၊ အချိန်မရွေး၊ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များ စေလွှတ်ပြီး နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို လိုအပ်သည့်နေရာများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာဗဟုသုတနည်းပါးပြီး လွဲမှားစွာ နားလည်နေမှုများရှိသည့်အတွက် ကျန်းမာရေးအသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနေခြင်းများသည် မိမိတို့တပ်မတော်အနေဖြင့် ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရန်ဟူသည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်တစ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်နေခြင်းဖြစ်"**

*စာမျက်နှာ ၃ မှ*

ထို့ပြင် ရောဂါအသစ်အဆန်းများနှင့် တိုးတက်လာသော ဆေးသိပ္ပံပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းတွင် ဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများကို လုပ်ဆောင်နေကြရမည်ဖြစ်ကြောင်း။

**ခန္ဓာကိုယ်ဖွံ့ဖြိုးမှုတွင်လည်း အားနည်း**

မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ တို့မှ တွက်ချက်ရာတွင် ဖ၇ ဒသမ ၇၈ နှစ်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ကမ္ဘာ့အဆင့်တွင် ၁၅၁၊ အိမ်နီးချင်းနိုင်ငံများတွင် အဆင့် ဖ၊ အာဆီယံနိုင်ငံများတွင် အဆင့် ၁၀ ရှိသဖြင့် အနိမ့်ဆုံးဖြစ်ကြောင်း၊ မျှော်မှန်းသက်တမ်းကို အခြေခံတွက်ချက်ရာတွင် ကိုယ်ဝန်ဆောင်နှင့် ကလေးငယ်ဘဝအခြေအနေများ၊ ပညာသင်ကြားမှုအခြေအနေများ၊ လူမှုစီးပွားဘဝအခြေခံများ၊ လူနေမှုပုံစံများ၊ ကလေးသေဆုံးမှုနှုန်းများအပေါ်တွင် အဓိကထား တွက်ချက်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံသားများ၏ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုတွင်လည်း အားနည်းလျက်ရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း တိုးမြှင့်နိုင်ရန်အတွက် စားသောက်မှု၊ နေထိုင်မှု၊ ပညာတတ်မြောက်မှု၊ စီးပွားရေးမြှင့်တင်နိုင်မှုများ ပြုပြင်ပြောင်းလဲမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ကူညီ**

မိမိတို့တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်၊ လေ့ကျင့်ရေး တာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း တာဝန်များကို ထမ်းဆောင်သည့်နေရာတွင် မိမိတို့ရောက်ရှိတာဝန်ကျရာ နေရာဒေသတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

**○ မိမိတို့တပ်မတော်၏ အဓိကလုပ်ငန်းတာဝန် ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေး တာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့်နေရာတွင် မိမိတို့ရောက်ရှိ တာဝန်ကျရာ နေရာဒေသတွင်ရှိသည့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း များအပြင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးကြရမည်**

**အစဉ်အလာကောင်းများပင်ဖြစ်**

ထိုသို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်အတွက် ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာက ပါဝင်ဖြည့်ဆည်းပေးခြင်းဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ရှင်သန်အောင်မြင်ရေးအတွက် တစ်ဖက်တစ်လမ်းက တတ်နိုင်သလောက် ကူညီလုပ်ဆောင်ပေးနေခြင်းဖြစ်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့၏ မွန်မြတ်သည့် အစဉ်အလာကောင်းများပင်ဖြစ်ကြောင်းနှင့် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**

တပ်မတော်သား ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုသာမက တစ်နိုင်ငံလုံးအနှံ့ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို နေရာမရွေး၊ အချိန်မရွေး၊ လူမျိုး၊ ဘာသာမခွဲခြားဘဲ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များ စေလွှတ်ပြီး နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို လိုအပ်သည့်နေရာများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာဗဟုသုတနည်းပါးပြီး လွဲမှားစွာ နားလည်နေမှုများရှိသည့်အတွက် ကျန်းမာရေး အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနေခြင်းများသည် မိမိတို့တပ်မတော်အနေဖြင့် ပြည်သူလူထု အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရန်ဟူသည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်တစ်ရပ်ကို အောင်မြင်စွာ ထမ်းဆောင်နေခြင်းဖြစ်ကြောင်း။

**လူမှုစီးပွားဘဝကို အကြီးမားဆုံးခြိမ်းခြောက်**

လက်ရှိမျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံတိုင်း ရင်ဆိုင်နေကြရသည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် မျက်မှောက်လူသားမျိုးနွယ်စုတစ်ခုလုံး၏ ဦးတည်ရန်သူဖြစ်လာသကဲ့သို့ နေ့စဉ် လူမှုစီးပွားဘဝကို အကြီးမားဆုံး ခြိမ်းခြောက်နေသည့် ကပ်ရောဂါတစ်ခုဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များအတွက် စိန်ခေါ်မှုများ၊ ကျန်းမာရေးဝန်ထမ်းများအတွက်လည်း ဖိအားများ၊ ဝန်ထုပ်ဝန်ပိုးများနှင့် ရင်ဆိုင်ခဲ့ရပြီး ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် စိန်ခေါ်မှုများဖြစ်ပေါ်နေသည်ကို မြင်တွေ့ရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကူးစက်ရောဂါသည် မြန်မာနိုင်ငံတွင် ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း စသည်ဖြင့်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂) ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ဖြစ်ပွားခဲ့ပြီး တတိယလှိုင်းတွင် ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းများ မြင့်မားခဲ့ကြောင်း၊ ထိုသို့ဖြစ်ခဲ့ရခြင်းမှာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု အားနည်းခြင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် ကူးစက်မြန် ဗီဇပြောင်းဒယ်တာမျိုးကွဲများ ပျံ့နှံ့ရောက်ရှိလာခြင်း၊ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ မပြည့်စုံမှုများကြောင့် ကိုဗစ်-၁၉ တတိယလှိုင်းကို အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

**တတိယလှိုင်းဖြစ်ပွားမှုကို ထိန်းချုပ်ဆောင်ရွက်နိုင်**

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကုသရေးအတွက် အခက်အခဲများစွာနှင့် ကြုံတွေ့နေရသည့်အချိန်တွင် မြွေပူရာကင်းမှောင့်ဆိုသကဲ့သို့ အချို့သော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများသည် သမားကောင်းကျင့်ဝတ်များကို မျက်ကွယ်ပြုကာ မိမိတို့တာဝန်ကျရာဆေးရုံ၊ ဆေးပေးခန်းများကို စွန့်ခွာသွားကြသည့် ဂုဏ်သိက္ခာမဲ့လုပ်ရပ်များကြောင့် လူနာများမနိုင်မနင်းဖြစ်ကာ အသက်မဆုံးရှုံးသင့်သူများ ဆုံးရှုံးရမှုများဖြစ်ပွားခဲ့သည်ကို မြင်တွေ့ခဲ့ရမည်ဖြစ်ကြောင်း၊ အဆိုပါကာလများတွင် ကျန်းမာရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ကြုံတွေ့ခဲ့ရပြီး အဓိက ဆုံးရှုံးနစ်နာရသူများသည် သာမန်ပြည်သူလူထုများသာ ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သား ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပွားမှုကို ထိန်းချုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိ**

ထို့ပြင် စတုတ္ထလှိုင်းဖြစ်ပွားလာနိုင်မှုကို ကြိုတင်မျှော်တွေးပြီး ကိုဗစ် ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် တပ်မတော်အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉

■ **ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး “လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ” ဆိုသည့်အတိုင်း တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပေးနိုင်ရန်၊ ဆေးသိပ္ပံပညာရပ်ပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ပေးရမည်**

■ **ဆေးသိပ္ပံပညာရပ်သည် ခက်ခဲသည့်ပညာရပ်တစ်ခုဖြစ်သည့်အတွက် သင်ကြားရေးဆရာများ၏ အရည်အသွေးပြည့်ဝမှု၊ သင်ထောက်ကူပစ္စည်းပြည့်စုံမှု၊ သင်ယူသူများ၏ စိတ်ပါဝင်စားမှုနှင့် ထိုးထွင်းဉာဏ်ပြည့်ဝမှု စသည်များပြည့်စုံမှသာ အရည်အချင်းနှင့် အရည်အသွေးပြည့်ဝသည့် တပ်မတော်သားဆရာဝန်ကောင်းများ ထွက်ပေါ်လာမည်**

■ **လက်ရှိအချိန်တွင် တပ်မတော်ဆေးတက္ကသိုလ်သည် ကမ္ဘာ့ဆေးပညာသင်ကြားရေးအဖွဲ့အစည်း** (World Federation for Medical Education- WFME) **၏ အသိအမှတ်ပြုစာရင်းတွင် ပါဝင်ပြီးဖြစ်သလို နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ ဆေးပညာရပ်များကို သင်ကြားပေးလျက်ရှိနေ**

ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် အရေးကြီးဆုံးလုပ်ငန်းဖြစ်သည့် ကာကွယ်ဆေးထိုးနှံပေးရေးလုပ်ငန်းအတွက် ရောဂါကာကွယ်ဆေး (Dose) ၄၂ သန်းကျော်ရရှိအောင် ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုကို ယခုလအကုန်တွင် နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ထိ ထိုးနှံပေးနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း။

**တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါသည် လုံးဝပျောက်ကင်းသွားမည်မဟုတ်ဘဲ အတူယှဉ်တွဲနေထိုင်ရမည့် ရောဂါတစ်ခုဖြစ်သဖြင့် ကုသရေးနှင့်ထိန်းချုပ်ရေး လုပ်ငန်းများအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်ပါ တပ်မတော်အနေဖြင့် အရေးပါသည့် အခန်းကဏ္ဍတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတာဝန်ကျရာနေရာဒေသ အသီးသီးကို ရောက်ရှိသည့်အခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ကုသရေးတာဝန်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အသိပေးမှာကြားလိုကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးနှင့်ပတ်သက်ပြီး “လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ” ဆိုသည့်အတိုင်း တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများပေးနိုင်ရန်၊ ဆေးသိပ္ပံပညာရပ်ပိုင်းဆိုင်ရာများ တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**နိုင်ငံတကာသင်ရိုးညွှန်းတမ်းများ**

ဆေးသိပ္ပံပညာရပ်သည် ခက်ခဲသည့်ပညာရပ်တစ်ခုဖြစ်သည့်အတွက် သင်ကြားရေးဆရာများ၏ အရည်အသွေးပြည့်ဝမှု၊ သင်ထောက်ကူပစ္စည်းပြည့်စုံမှု၊ သင်ယူသူများ၏ စိတ်ပါဝင်စားမှုနှင့် ထိုးထွင်းဉာဏ်ပြည့်ဝမှု စသည်များပြည့်စုံမှသာ အရည်အချင်းနှင့် အရည်အသွေးပြည့်ဝသည့် တပ်မတော်သား ဆရာဝန်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်ဆေးတက္ကသိုလ်သည် ကမ္ဘာ့ဆေးပညာသင်ကြားရေးအဖွဲ့အစည်း (World Federation for Medical Education– WFME) ၏ အသိအမှတ်ပြုစာရင်းတွင် ပါဝင်ပြီးဖြစ်သလို နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ ဆေးပညာရပ်များကို သင်ကြားပေးလျက်ရှိနေကြောင်း။

**မလျှော့သောဇွဲလုံ့လနှင့် ကြိုးစား**

ထို့ပြင် နိုင်ငံတကာဆေးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်များကို လေ့လာအကဲခတ်ပြီး အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် မိမိတို့၏ ပညာရပ်ပိုင်းဆိုင်ရာနှင့် ပတ်သက်ပါက တိုးတက်သင်ယူချင်စိတ်မွေးရမည်၊ မလျှော့သော ဇွဲလုံ့လနှင့် ကြိုးစားကြရမည်၊ မိမိတို့တတ်ကျွမ်းသည့် ဆေးပညာရပ်များကို လက်တွေ့နယ်ပယ်တွင် ကောင်းမွန်စွာ အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် “သမားဇာနည် အောင်စစ်သည်များ” ဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

**ကွပ်ကဲအုပ်ချုပ်ကြရမည်ဖြစ်**

တပ်မတော်သားဆရာဝန် ခေါင်းဆောင်ငယ်များအဖြစ် တပ်ဖွဲ့တာဝန်ကို ထမ်းဆောင်ကြရတော့မည်ဖြစ်ကြောင်း၊ မိမိတို့လက်အောက်ငယ်သားများကို ကွပ်ကဲအုပ်ချုပ်ရာတွင် မိမိကိုယ်တိုင် ကိုယ်ကျင့်တရားကောင်းမွန်ပြီး မှန်ကန်သည့် ပြောဆိုနေထိုင်မှု၊ မျှတသည့်အမိန့်ပေးမှု၊ စိတ်ရင်းစေတနာကောင်းမွန်မှု၊ မိမိကိုယ်တိုင် အမိန့်နာခံမှုနှင့် စည်းကမ်းကောင်းမွန်မှု၊ တာဝန်သိမှုနှင့်တာဝန်ယူမှု၊ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်ချမှတ်နိုင်မှု စသည့် ခေါင်းဆောင်ကောင်းတစ်ယောက်၏ အရည်အချင်းကိုအသုံးပြုပြီး ကွပ်ကဲအုပ်ချုပ်ကြရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

*စာမျက်နှာ ၅ မှ*

မိမိတို့ကိုယ်တိုင် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်နေကြရသည့်အပြင် နိုင်ငံတော်ကာကွယ်ရေးအတွက် အသက်စွန့် ထမ်းဆောင်နေကြသည့် တပ်မတော်သားတိုင်းကို ကာကွယ်ကုသပေးနေကြရခြင်း ဖြစ်သည့်အတွက် မွန်မြတ်သော အခြေခံစိတ်ဓာတ်ကောင်းများရှိပြီး ဖြစ်ကြောင်း၊ ထိုအခြေခံစိတ်ဓာတ်ကောင်းများကို ခိုင်မာအောင် တည်ဆောက်ပြီး စည်းကမ်းပြည့်ဝသည့် တပ်မတော်သားတစ်ယောက်ဖြစ်စေရေး မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အရာရှိ ဆရာဝန်တစ်ယောက် ဖြစ်လာရန်အတွက် နိုင်ငံတော်နှင့်တပ်မတော်က အချိန်နှင့် ငွေကြေး အကုန်အကျခံပြီး လေ့ကျင့်ပျိုးထောင်ပေးခဲ့သကဲ့သို့ မိဘများ၏ မျှော်လင့်ချက်နှင့် မိမိတို့၏ ကိုယ်စီဘဝများ တိုးတက်မြင့်မားရေးအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ပညာရည်ပြည့်ဝသည့် ဆရာဝန်ကောင်း၊ စစ်ဘက်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေး မိမိကိုယ်ကိုထိန်းသိမ်းပြီး ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။

### အောင်မြင်မှုများရရှိနိုင်မည်

လူတိုင်းတွင် မျှော်မှန်းစိတ်များရှိကြပြီး ကြီးပွားတိုးတက်လိုစိတ်များရှိကြကြောင်း၊ မိမိဘဝ အောင်မြင်တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်သည် ရောင့်ရဲတင်းတိမ်တဲ့စိတ်နှင့် တိုးတက်အောင်မြင်အောင် ရိုးရိုးသားသား ကြိုးစားဆောင်ရွက်လိုစိတ် မွေးမြူခြင်းပင်ဖြစ်ကြောင်း၊ ရောင့်ရဲတင်းတိမ်စိတ်သည် လူတစ်ဦးကို မတော်လောဘစိတ်များ မဖြစ်စေရန် တားမြစ်နိုင်ပြီး ရိုးဂုဏ်သည် လူတစ်ဦးကို ထာဝရတန်ဖိုးရှိနေစေမည်ဖြစ်သည်ကို မမေ့မလျော့ကြရန်လိုကြောင်း၊ ရောင့်ရဲတင်းတိမ်သည့်စိတ်ဖြင့် ရိုးသား၊ ကြိုးစားစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိဝင်ငွေနှင့် ထွက်ငွေ မျှတအောင် နေထိုင်သွားကြရန် လိုအပ်သကဲ့သို့ မိမိတို့၏ကြိုးစားမှု၊ စည်းကမ်းလိုက်နာမှု၊ ကျန်းမာရေး ကောင်းမွန်အောင် နေထိုင်စားသောက်မှုများ အပေါ်မူတည်ပြီး အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသိတရား၊ သတိတရား လက်ကိုင်ထားပြီး မိမိတို့၏ ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများကို အသုံးချကာ မိမိတို့ တာဝန်ထမ်းဆောင်သည့်တပ်၊ တပ်မတော်၊ ဒေသနှင့် တိုင်းပြည် အကျိုးစီးပွားတိုးတက်အောင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိသွားရန် အလေးအနက်ထား မှာကြားလိုကြောင်း။

### ကျင့်ကြံကြိုးစား

တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင် အရာရှိကောင်းများအဖြစ် နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ စစ်သည်တော်ကျင့်ဝတ်နှင့် ဆေးပညာကတိသစ္စာများကို လေးလေးနက်နက် စောင့်ထိန်းလိုက်နာပြီး စစ်သည်တော်ကောင်း၊ ဆရာဝန်ကောင်းတစ်ဦးအဖြစ် စေတနာ၊ မေတ္တာထားကာ စွမ်းစွမ်းတမံ စောင့်ရှောက်ကုသပေးကြရန်၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ ရည်မှန်းချက်ဖြစ်သည့် **ကျန်းမာကြံ့ခိုင်တိုက်နိုင်ရန်**ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားအားလုံး ကျန်းမာကြံ့ခိုင်ပြီး ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်စေရန် မိမိတို့တတ်ကျွမ်းသည့် ဆေးပညာရပ်များနှင့် စောင့်ရှောက်ကာကွယ်သွားကြရန်၊ မိမိကွပ်ကဲရသည့်တပ်ဖွဲ့ကို မှန်ကန်သည့်ခေါင်းဆောင်မှုပေးပြီး စစ်စည်းကမ်းများကို တိကျစွာလိုက်နာကာ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ဆေးသိပ္ပံပညာရှင် စစ်သည်တော်ကောင်းများဖြစ်အောင် ကျင့်ကြံကြိုးစားသွားကြရန်၊ တပ်မတော်ဆေးတက္ကသိုလ်၏ ဆောင်ပုဒ်ဖြစ်သည့် **သမားဇာနည်အောင်စစ်သည်** ဆိုသည့်အတိုင်း နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ယူရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် တပ်မတော်သားကောင်း၊ ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကျင့်ကြံ နေထိုင်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

### အလေးပြုခြင်းကိုခံယူ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

### ဂုဏ်ပြုအမှာစကားပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်ဆေးတက္ကသိုလ် ကျောင်းဌာနချုပ် ညှိနှိုင်းခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

### တာဝန်ကျေပွန်စွာပြုစုကုသ

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိကြသည့်အတွက် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ သင်တန်းကာလတစ်လျှောက်လုံး မျှော်မှန်းချက်၊ ရည်မှန်းချက်ရှိစွာဖြင့် အစဉ်တစိုက် ကြိုးစားအားထုတ်ခဲ့ပြီး မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနှင့် နေထိုင်ခဲ့မှုကြောင့် ထူးချွန်ဆုများ ရရှိခဲ့ခြင်းဖြစ်သဖြင့် ကောင်းမွန်သည့် အခြေခံကောင်းများရှိခဲ့ပြီးဖြစ်ကြောင်း၊ ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် အသိတရား၊ သတိတရား၊ ရောင့်ရဲတင်းတိမ်စိတ်တို့ဖြင့် မိမိကိုယ်ကို ထိန်းကျောင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆုရဗိုလ်လောင်းတို့၏ မိဘများမှာ သာမန်နိုင်ငံ့ဝန်ထမ်းများဖြစ်၍ ပိုမိုဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ သို့ဖြစ်၍ ငယ်စဉ်ကလေးဘဝမှ တက္ကသိုလ်ရောက်သည်အထိ ကျွေးမွေးစောင့်ရှောက်သွန်သင်ပေးခဲ့သည့် မိဘများ၏စကားကို နားထောင်ခြင်းအားဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်သကဲ့သို့ အသိပညာများနှင့် အတတ်ပညာများကို သင်ကြားပေးလိုက်သည့် တပ်မတော်၏ ဂုဏ်ကျေးဇူးကိုလည်း စစ်သားကောင်း ပီသစွာ နေထိုင်ကျင့်ကြံခြင်း၊ ခေါင်းဆောင်တစ်ယောက် အနေဖြင့်သာမက တပ်မတော်သားများနှင့် မိသားစုဝင်များအား တာဝန်ကျေပွန်စွာပြုစုကုသ အလုပ်အကျွေးပြုခြင်းအားဖြင့်လည်း ကျေးဇူးသိတတ်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက် မိမိကိုယ်ကို စောင့်ထိန်းမှု၊ ကြိုးစားအားထုတ်မှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အမျိုး၏ဂုဏ်ကို ထိန်းရမည်၊ ရိုးသားမှုဂုဏ်ကို ထိန်းရမည်၊ စစ်သားကောင်းတစ်ယောက်၏ဂုဏ်ကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၂) ပြန်တမ်းဝင် အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ဇော်မန်းဖြိုးနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။ (ယာပုံ)



ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပညာသင်ကြားရေးမှာ ဘယ်လိုမှ ထိခိုက်ခံလို့မရ

အာရှနိုင်ငံတွေမှာလည်း အိုမီခရွန်က ဖြစ်နေတာရှိတယ်။ သူက ကူးစက်မှုလည်း တော်တော်လေးမြန်တယ်။ ဖြစ်ပွားမှုလည်း ပြင်းထန်တယ် ဒီလိုပြောတာပေါ့။ အဲဒီတော့ ကျွန်တော်တို့ ပေါ့လို့တော့မရဘူးဆိုတာလေး ပြောချင်ပါတယ်။ ကျွန်တော်တို့က ကျောင်းတွေ ဖွင့်ထားတာ။ ကျောင်းတွေ၊ ကလေးတွေ ကျောင်းတက်နေကြပြီ။ ကျောင်းတက်နေတော့ ဒီကလေးတွေ ပညာသင်ကြားရေးမှာ ဘယ်လိုမှ ထိခိုက်ခံလို့မရဘူး။ အထိခိုက်ခံလို့ မဖြစ်ဘူး။ သူတို့ကို ကျန်းကျန်းမာမာနဲ့ မတ်လကုန် ကျွန်တော်တို့ စာမေးပွဲပြီးတဲ့အထိ ကျောင်းတက်နိုင်ဖို့လိုတယ်၊ ကျန်းကျန်းမာမာ တက်နိုင်ဖို့လိုတယ်။ လုံလုံခြုံခြုံနဲ့ တက်နိုင်ဖို့ လိုတယ်။ သူတို့တင်မဟုတ်ဘူး။ ပညာရေးဝန်ထမ်းတွေလည်း ဒီအတိုင်းပဲ။ ကျန်းကျန်းမာမာနဲ့ ပညာသင်ကြားပေးနိုင်ဖို့လိုတယ်။ လုံလုံခြုံခြုံနဲ့ ပညာသင်ကြားပေးနိုင်ဖို့ လိုတယ်။ ဒါကို ကျွန်တော်တို့က တော်တော်ဂရုစိုက်ရမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# တပ်မတော်ဆေးတက္ကသိုလ်၏ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တပ်မတော် ဆေးတက္ကသိုလ်၏ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပရာ တပ်မတော် ဆေးတက္ကသိုလ် ခေတ္တကျောင်း အုပ်ကြီး ဗိုလ်မှူးကြီးဇော်မန်းဖြိုး၊ တပ်မတော် ဆေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒုတိယ ဗိုလ်မှူးကြီး ခွန်ထွန်းလှိုင်နှင့် တပ်မတော် ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော် ဆေးတက္ကသိုလ် ခေတ္တကျောင်း အုပ်ကြီး၊ ခေတ္တပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် နိုင်ငံတော် သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ခေတ္တပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ခေတ္တပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။




ဆက်လက်၍ ခေတ္တပါမောက္ခချုပ်က ဆေးပညာဘွဲ့ ၃၃ ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ ခြောက်ဦး စုစုပေါင်း ၃၉ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ **(အောက်ဝဲပုံ)** ထို့နောက် ခေတ္တပါမောက္ခချုပ်က ဘွဲ့ရသူများအား ဘွဲ့များနှင့် လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ် ရေးထိုးသည်။

ယင်းနောက် ခေတ္တကျောင်း အုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကြောင်းကြေညာကာ တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီး၊ ခေတ္တပါမောက္ခချုပ်နှင့် ပညာရေး အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင် ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်ဆေးတက္ကသိုလ် အနေဖြင့် ယနေ့အချိန်အထိ ဆေးပညာမဟာသိပ္ပံဘွဲ့ ၂၁၃၆ ဦး၊ ဆေးလက်တွေ့နှင့် ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ ၁၃၈ ဦး၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန် ဒီပလိုမာ ၂၀၇ ဦး၊ ဆေးပညာ ဘွဲ့လွန် ဒီပလိုမာ ၁၈၉ ဦးတို့အား ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။ လက်ရှိဆေးပညာ မဟာသိပ္ပံဘွဲ့လွန် သင်တန်းအမှတ်စဉ်(၂၆)တွင် သင်တန်းသား အရာရှိ လေးဦး၊ အမှတ်စဉ်(၂၇) တွင် သင်တန်းသားအရာရှိ ၁၆၇ ဦး၊ အမှတ်စဉ် (၂၈) တွင် သင်တန်းသားအရာရှိ ၂၃၂ ဦး၊ အမှတ်စဉ်(၂၉)တွင် သင်တန်းသား အရာရှိ ၃၀၄ ဦး စုစုပေါင်း ဘွဲ့လွန် သင်တန်းသားအရာရှိ ၇၀၇ ဦး သင်တန်းတက်ရောက်နေဆဲဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းများ ရရှိခဲ့သည့် ပညာရည် ထူးချွန်ဆု အဆင့်များ၊ ဂုဏ်ထူးများသည် တပ်မတော် ဆေးတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့်သာ စစ်ဆေးခဲ့ခြင်း မဟုတ်ဘဲ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးတက္ကသိုလ်(မကွေး)၊ ဆေးတက္ကသိုလ် (တောင်ကြီး) စသည့် တစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများနှင့် စာစစ် ပုဂ္ဂိုလ်များ၏ စစ်ဆေးချက်များနှင့်အညီ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ တပ်မတော် ဆေးတက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများကိုလည်း အခြား ဆေးတက္ကသိုလ်များနှင့် ညှိနှိုင်းရေးဆွဲထားရှိပြီး ဆေးပညာသင်ကြားရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းအရ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အထူးအောင်သတ်မှတ်ခြင်းနှင့် ဂုဏ်ထူးပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ဒေသခံပြည်သူ ၅၃၀၄ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၄၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၇၆၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၃၂၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၄၂၇၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၅၀၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၉၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၇၄၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၅၄၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၁၆၄ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၈၀၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# နှမ်းစိုက်တောင်သူများ အသေးစားစီးပွားရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး မဲခေါင်-လန်ချန်း ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးခဲ့

နေပြည်တော် ဒီဇင်ဘာ ၂၀

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ သမဝါယမအသင်းစုမှ ဆောင်ရွက်လျက်ရှိသည့် မြင်းကောင်ရေ ၃၅ ကောင်ရှိ တစ်ပိုင်တစ်နိုင် ဆန်စက်လည်ပတ်နေမှုကို လည်းကောင်း၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသင်တန်းမှ သင်တန်းဆင်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လူသုံးကုန်ပစ္စည်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နှမ်းခွံချွတ်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

**စိုက်ပျိုးမြေဧက ၁၀၀ အကျိုးပြု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်မြို့နယ် ကိုရံ(တောင်)ကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမြေဧက ၁၀၀ အကျိုးပြုမည့် မြေနီကျောက်စရစ်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကိုလည်းကောင်း၊ မကွေးမြို့နယ် ဘုရားပြို(တောင်) ကျေးရွာတွင် လူဦးရေ ၁၅၂ ဦး အကျိုးပြုမည့် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မကွေးမြို့နယ် မကြီးကန်ကျေးရွာရှိ မြေလတ်သား အထွေထွေသမဝါယမအသင်းစုချုပ်၏ တန် ၃၀ ကျ ဆီစက်နှင့် နှမ်းအခွံချွတ်စက်ရုံသို့ ရောက်ရှိကာ မြေလတ်သား အထွေထွေသမဝါယမ အသင်းစုချုပ်တာဝန်ရှိသူများက စက်ရုံမှ ထုတ်ကုန် ထွက်ကုန်ပစ္စည်းများကို အရှေ့အာရှနိုင်ငံများနှင့် တရုတ်နိုင်ငံ၊ ထိုင်ဝမ်သို့ နှစ်စဉ်တင်ပို့ရောင်းချမှု၊ အကျိုးအမြတ်ရရှိမှု၊ စက်ရုံလည်ပတ်နေမှု၊ နှမ်းကုန်ကြမ်းဝယ်ယူမှုကို လိုက်လံရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးနှင့် မိသားစုဝင်ငွေ တိုးပွားရေးတို့ကို ဆွေးနွေးညှိနှိုင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် PC Myanmar တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နှမ်းကုန်ချောထုတ်စက်ရုံသို့ ရောက်ရှိကာ မကွေးမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့ရှိ ကျေးရွာ ၃၀ မှ နှမ်းစိုက်တောင်သူ ၆၀၀ ဖြင့် ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေများ၊ စက်ရုံတွင် အသင်းဝင် တောင်သူများ၏ နှမ်းများနှင့် ပုဂ္ဂလိကပိုင် နှမ်းများကို ခေတ်မီစက်များဖြင့် မျိုးခွဲသန့်စင်ဆောင်ရွက်ပေးနေမှု၊ နှမ်းထောပတ်၊ ပဲထောပတ်၊ နှမ်းဆီသန့်၊ ပဲဆီသန့်များ ထုတ်လုပ်၍ ပြည်တွင်း ပြည်ပ ဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချပေးနေမှု၊ နှမ်းစိုက်တောင်သူများ အသေးစားစီးပွားရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဲခေါင်-လန်ချန်း ရန်ပုံငွေ ငွေကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးခဲ့မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

**လူဦးရေ ၇၆၀၀၀ ကျော် အကျိုးပြု**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ် ခြောက်လတာကာလအတွင်း လူဦးရေ ၇၆၀၀၀ ကျော် အကျိုးပြုပေးနိုင်မည့် ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၀၆ ခု၊ စိုက်ပျိုးရေးမွေးမြူရေးဧကပေါင်း ၃၇၀၀၀ ကျော် အကျိုးပြုပေးနိုင်မည့် ကျေးလက်ကုန်ထုတ်လမ်း ၃၇ မိုင် ၇ ဒသမ ၃၂ ဖာလုံ၊ ကျေးလက်ကုန်ထုတ်တံတား ၃၂ စင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ၁၁၈ ရွာ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၂၀ နှင့် ကျေးလက်အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း (၄၉) ကြိမ်တို့ကို အကောင်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ထိရောက်သောအကူအညီများပေးအပ်နိုင်ရေး ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၀

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့်အတူ ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ရှိ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)သို့ ရောက်ရှိပြီး စက်ရုံတာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို အကျိုးရှိအောင် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်၊ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များအား စက်ရုံခွဲများအလိုက် အဆင့်အလိုက် တိုးမြှင့်ပေးနိုင်ရေး စီမံဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အား ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက္ကူထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှိ စက်ပစ္စည်းများကို ပျက်စီးဆုံးရှုံးမှု မရှိစေရေး ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို အမြဲမပြတ် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ရောက်ရှိရာ တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက MSME လုပ်ငန်းများ ထိရောက်သော ကူညီမှုများကို ပေးအပ်နိုင်ရေးအတွက် ၎င်းတို့၏ ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲများကို သိရှိအောင်ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ပြုစုထားရှိသည့် စာတမ်းများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃၂) အကြီးစားစက်ရုံ (ကြံခင်း) သို့ ရောက်ရှိပြီး ဝန်ထမ်းများအား အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး၊ နည်းပညာလွှဲပြောင်း ရရှိရေးတို့အတွက်ပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ကုန်ကြမ်းများ သယ်ယူရာတွင် အသုံးပြုသည့် လျှပ်စစ်ရထားတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြိုးစားဆောင်ရွက်**

ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) နှင့် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အမှတ်(၅)စက်မှုသင်တန်း ကျောင်း (မကွေး) တို့သို့ ရောက်ရှိပြီး နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံနှင့်လူမျိုးအတွက် ကျရာအခန်းကဏ္ဍမှ စက်မှုနှင့် ပတ်သက်သည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စက်မှုအခြေခံကောင်းများမှ တီထွင်သုတေသနပြုမှု၊ ဒီဇိုင်းဆန်းသစ်မှု၊ ခေတ်နှင့် ရင်ပေါင်တန်းနိုင်မှု၊ စီးပွားရေး တွက်ခြေကိုက်မှုများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများ အဆင့်မြင့် ဆောင်ရွက်နိုင်သည်အထိ ကြိုးစားသွားကြရန်၊ နည်းပြများအနေဖြင့် နှလုံးသားလှသည့် ဆရာ ဆရာမများ ဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၀

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၀.၆ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်တွင်းစားသုံးဆီဖူလုံရေး ဆီထွက်သီးနှံစိုက်ကေနှင့် အထွက်နှုန်းတိုးတက်ရေးဆောင်ရွက်ကြရမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြည်တွင်း၌ စားသုံးဆီထုတ်လုပ်နိုင်မှုပမာဏ ဖူလုံမှုမရှိသဖြင့် ပြည်ပမှ နှစ်စဉ်တန်ချိန်ကိုးသိန်းကျော် တင်သွင်းနေရပါကြောင်း၊ ပြည်တွင်းစားသုံးမှု၊ စက်မှုလုပ်ငန်းသုံးနှင့် ဟိုတယ်ခရီးသွားလုပ်ငန်းများအတွက် စုစုပေါင်း သုံးစွဲမှုတန်ချိန် ၁၁ သိန်းခန့်ရှိရာ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ကေနှင့် အထွက်နှုန်း ပိုမိုတိုးတက်လာစေရေး၊ ပြည်တွင်း၌ထုတ်လုပ်သည့် စားသုံးဆီများ ဈေးကွက်ဝေစု ပိုမိုရရှိလာစေရေး၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆီထွက်သီးနှံကဏ္ဍ (Supply Chain) တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေသကဲ့သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို အကန့်အသတ်ဖြင့် တင်သွင်းခွင့်ပြုနိုင်ရေး မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

## စိုက်ကေများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး

စားသုံးမှုပုံစံကို ပြောင်းလဲရာတွင် စားသုံးသူအကာအကွယ်ပေးရေးအစီအစဉ်များ၊ စားသုံးသူအသိပညာပေးအစီအစဉ်များကို ဦးစားပေးဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် စားသုံးဆီများ ဖြန့်ဖြူးရောင်းချနိုင်စေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ပြည်တွင်း၌ ဆီထွက်သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန် တောင်သူများကို အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်နှင့် စိုက်ကေများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကွင်းဆင်းအသိပညာပေးခြင်း၊ နည်းပညာများပံ့ပိုးပေးခြင်း စသည့်လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်သလို ကြိတ်ခွဲထုတ်လုပ်သည့် ဆီစက်လုပ်ငန်းရှင်များအနေဖြင့်လည်း စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ပုံစံမျိုး ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် တက်ရောက်လာသူများအနေဖြင့် ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

## နိုင်ငံခြားဝင်ငွေရရှိလာနိုင်

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဆီထွက်သီးနှံများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ပါက နိုင်ငံခြားဝင်ငွေရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၌ စားသုံးဆီ လစဉ်ပျမ်းမျှတန်ချိန် ၁၈၀၀၀ ကျော် ကြိတ်ခွဲထုတ်လုပ်နိုင်သော်လည်း အချို့စက်များမှာ ရပ်နားထားခြင်း၊ ကုန်ကြမ်းရရှိမှုနည်းပါးသဖြင့် စက်စွမ်းအားပြည့် လည်ပတ်နိုင်မှုမရှိခြင်းတို့ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အရည်အသွေးမီ ဆီစက်များဖြစ်စေရေးနှင့် ဆီစက်လုပ်ငန်းများ အခွန့်ရှည်ရေးအတွက် ပံ့ပိုးကူညီနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆီစက်များ စက်စွမ်းအားပြည့် လည်ပတ်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည် ဖြစ်သည့်အပြင် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုး၍ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ပါက နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာ ဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ပြည်ပမှ စားသုံးဆီတင်သွင်းမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆီစက်များ၏ ကြိတ်ခွဲထုတ်လုပ်နိုင်မှု၊ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှုအခြေအနေနှင့် ဆီထွက်သီးနှံများကို ပြည်ပတင်ပို့မှု၊ ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များ၊ အကြံပြုသုံးသပ်ချက်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ အုပ်ချုပ်မှုစွမ်းရည် မြင့်မားရေးသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂၀

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွင် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ က ယခုဖွင့်လှစ်သည့် သင်တန်းသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်နေသဘောထား ပိုမိုကောင်းမွန်သည့် ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ နိုင်ငံ့ဝန်ထမ်းများ သိရှိရမည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရန်၊ ပြည်တွင်း/ ပြည်ပ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို လေ့လာဆည်းပူး သိရှိနားလည်စေရန်၊ ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုသဘောတရားများကို မိမိတို့အဆင့်နှင့် လျော်ညီစွာ သိရှိနားလည်တတ်မြောက်စေရန်နှင့် ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် အားကောင်းစွာ၊ အဂတိတရားကင်းရှင်းစွာ၊ ခွဲခြားဆက်ဆံမှုကင်းရှင်းစွာဖြင့်၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့် အညီ ဝန်ဆောင်မှု ပေးနိုင်စေရန် ရည်ရွယ်၍ ဒုတိယအကြိမ်မြောက်အဖြစ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။

အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် အရေးပါသည့် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရန် တစ်ဦးတစ်ယောက်ချင်းစီက အမြဲမပြတ် ကြိုးပမ်းကြရန်နှင့် ခေတ်အဆက်ဆက် တာဝန်ကျေပွန်ခဲ့ကြသည့် ဌာနဝန်ထမ်းကြီးများ၏ စိတ်ထားကို စံနမူနာယူပြီး မွန်မြတ်သည့် နိုင်ငံ့ဝန်ထမ်းစိတ်ထား အပြည့်အဝဖြင့် တာဝန်ကိုယ်စီ ကျေပွန်အောင် ကြိုးစားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း။

သင်တန်း တက်ရောက်စဉ်ကာလအတွင်း ရရှိသည့်အခွင့်အရေးကို အသုံးချပြီး မိမိတို့ရာထူးအဆင့်အလိုက် တတ်ကျွမ်းသင့်သည့် လုပ်ငန်းစွမ်းရည်၊ ထိရောက်သည့် စီမံခန့်ခွဲရေးစွမ်းရည်၊ ထက်မြက်ခိုင်မာသည့် စိတ်ဓာတ်စွမ်းရည်နှင့် ခေါင်းဆောင်မှု အရည်အသွေးများ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် သင်တန်းရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရန် စိတ်ရောကိုယ်ပါ ကြိုးစားသင်ယူ လေ့ကျင့်သွားကြရန် မှာကြား တိုက်တွန်းလိုပါကြောင်း၊ ဤတက္ကသိုလ်တွင် "သင်တန်းသားတစ်ဦး၏ အခြေခံအကျဆုံးတာဝန်သည် သင်တန်းမပျက်ကွက်ရေးပင်ဖြစ်သည်" ဟု အလေးအနက် သတ်မှတ်ထားရှိ၍ တစ်ဦးချင်းစီက မိမိတို့၏ ကျန်းမာရေးကို အထူးဂရုပြုပြီး နေထိုင်ကြရန်နှင့် သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း ကျန်းမာရေးပြည့်စုံပါမှ သင်တန်းပျက်ကွက်မှုမရှိဘဲ လေ့ကျင့်ပို့ချမှုများကို အပြည့်အဝခံယူနိုင်မည်ဖြစ်ပြီး သင်တန်းတက်ရောက်ရကျိုး နပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် အရေးပါလှသည့် အထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေး တစ်ဦးတစ်ယောက်ချင်းစီက စဉ်ဆက်မပြတ် ကြိုးပမ်း အားထုတ်ကြရန်နှင့် သင်တန်းအတွက် သတ်မှတ်ထားရှိသည့် ကိုဗစ်ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး သတ်မှတ်ထားသောစည်းကမ်းများ၊ သင်တန်းဆိုင်ရာ စည်းကမ်း၊ တည်မြဲအမိန့်၊ ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပြီး မိမိဌာနအဖွဲ့အစည်း၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးစားအားထုတ်ကြရန် မှာကြားသည်။

အဆိုပါသင်တန်းသို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား ၉၉ ဦး၊ သင်တန်းသူ ၉၉ ဦး စုစုပေါင်း ၁၉၈ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ၂၀ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂၀

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့နှင့် တီးတိန်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ မင်းကင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ သံတွဲမြို့တွင် ၀ ဒသမ ၀၄ လက်မ ဖြစ်သည်။

မိုး/ဇလ

## နေပြည်တော်ရှိ Ms . Christine Schraner Burgener ၏ ရုံးခန်းကို ဆက်လက်ထားရှိခြင်းမပြုရန် ဆုံးဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ၏ ရုံးခန်းကို နေပြည်တော်၌ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သည့် အဆိုဆုံးဖြတ်ချက်များမှ ထွက်ပေါ်သည့် လုပ်ပိုင်ခွင့်များကို အစဉ်တစိုက် ဆန့်ကျင်ကန့်ကွက်ခဲ့သော်လည်း ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပြသသည့်အနေဖြင့် Ms. Christine Schraner Burgener နှင့် ကိစ္စရပ်တစ်ခုချင်းစီအလိုက် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး၊ ၎င်း၏ ရုံးခန်းကို မြန်မာနိုင်ငံ၌ ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်စွဲပါ သတင်းထုတ်ပြန်ချက်အရ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်သစ် ခန့်အပ်ကြောင်းနှင့် Ms. Christine Schraner Burgener ၏ နေရာတွင် ဆက်ခံမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုအခါ Ms. Christine Schraner Burgener ၏ တာဝန်ပြီးဆုံးပြီဖြစ်ကြောင်း သိရှိရသဖြင့် ၎င်း၏ရုံးခန်းကို မြန်မာနိုင်ငံ၌ ဆက်လက်ထားရှိခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကုလသမဂ္ဂဘက်သို့ ယနေ့(ဒီဇင်ဘာ ၂၀ ရက်)တွင် အကြောင်းကြားထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ပုလဲနှင့် ကျောက်စိမ်းအတွဲများ စတုတ္ထနေ့ ဆက်လက်ပြသရောင်းချ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲ (Mini Gems Emporium) စတုတ္ထနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမ အတွင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက်ရှိ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

**၁၉၉တွဲ ရောင်းချနိုင်ခဲ့**

ပြပွဲ တတိယနေ့တွင် ကျောက်စိမ်းအတွဲ အမှတ် ( ၁ မှ ၂၅၀ ) အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ



ပြပွဲ၌ ပြသထားသည့် ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။



ကျောက်စိမ်းအတွဲပေါင်း ၁၉၉ တွဲ ရောင်းချနိုင်ခဲ့ကြောင်းကြေညာပြီး ယနေ့ပြပွဲတွင် ကျောက်စိမ်း အတွဲအမှတ် ၂၅၁ မှ ၅၀၀ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

**ဖွင့်ဖောက်စစ်ဆေး**

ထို့နောက် ကျောက်စိမ်းအတွဲ အမှတ် ၂၅၁ မှ ၅၀၀ အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီတွင် ရောင်းချရသည့် ကျောက်စိမ်း အတွဲများအား ကြေညာသွားမည် ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ပြပွဲဗဟို ကော်မတီဝင်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်းရှိ ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက်ရှိ ကျောက်စိမ်းအတွဲများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

**ဆက်လက်ရောင်းချ**

ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၃၀ ကို ဒီဇင်ဘာ ၁၈ ရက် မှ ၁၉ ရက်အထိ ပြည်တွင်း/ ပြည်ပ ရတနာ ကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၃၀ ရောင်းချပေးနိုင်ခဲ့ပြီး ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲ ၅၀၁ မှ ၇၈၀ အထိ ဆက်လက်ရောင်းချပေး သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီ သုံးခု၊ ယာဉ်စီးရေ ငါးစီးဖြင့် အောက်ဆီဂျင်အရည် Storage Container/Tank နှစ်ခု၊ အောက်ဆီဂျင်အရည် Distributor နှစ်ခုနှင့် နှာခေါင်းစည်း (Mask) ၁၉ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## ထီးချိုင့်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပ

**ထီးချိုင့် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မစိုးရိမ်ဘုန်းတော်ကြီးပညာသင်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မစိုးရိမ်ကျောင်းတိုက်ဆရာတော်ကြီးထံမှ သြဝါဒခံယူသည်။ ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ထွန်းနှင့် ဝန်ထမ်းများက အမှတ်(၂) ရပ်ကွက်ရှိ မစိုးရိမ်ဘုန်းတော်ကြီးပညာသင်ကျောင်း၊ မောင်းကုန်းကျေးရွာအုပ်စု နီကယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် မြတောင်ကျေးရွာအုပ်စု အောင်သာယာဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသားကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၁၆ ကတ်ကို ကျောင်းသား ကျောင်းသူများကိုယ်စား သက်ဆိုင်ကျောင်းမှ ဆရာများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ရဲလင်းထွန်း(ထီးချိုင့်)**



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# PDF အမည်ခံအကြမ်းဖက်သမားများက မြိုင်မြို့နယ် ဝက်ပုတ်ကျေးရွာမှ ကျောင်းထိုင်ဆရာတော်ကို ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် ထုတ်ပြန်ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ရက်ရက်စက်စက် သတ်ဖြတ်မှုကြောင့် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ဝက်ပုတ်ကျေးရွာရှိ ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မြိုင်မြို့နယ် ဝက်ပုတ်ကျေးရွာရှိ ဓမ္မသုခအောင်မြေရတနာ ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေထိုင်သည့် ကျောင်းထိုင်ဆရာတော် ဦးသုဇာတ (၆၁)နှစ်၊ ဝါတော်(၁၀)ဝါ(ဘ)ဦးသာပိုသည် အခြားသံဃာတော် နှစ်ပါးနှင့် အတူ ကျိန်းစက်နေစဉ် ဒီဇင်ဘာ ၁၈ ရက် ည ၁၁ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆရာတော် ဦးသုဇာတ တစ်ပါးတည်းကိုပင် ကျောင်းရှေ့သို့ ခေါ်ဆောင်၍ မုခ်ဦးအနီး၌ ဓားဖြင့် ရက်ရက်စက်စက်ခုတ်သတ်ခဲ့ကြောင်း သိရှိရသည်။ PDF အမည်ခံအကြမ်းဖက်သမားများသည် ကိုးကွယ်ဆည်းကပ်ရာဖြစ်သော သံဃာတော်များကို အကြောင်းအမျိုးမျိုးပြ၍ လုပ်ကြံ သတ်ဖြတ်လျက်ရှိရာ ယခုအချိန်အထိ ၎င်းတို့၏ သတ်ဖြတ်မှုကြောင့် သံဃာတော် ၁၇ ပါးပျံလွန်တော်မူခဲ့ပြီး အကြမ်းဖက်သမားများ၏ ရန်ကို ကြောက်ရွံ့သော သံဃာတော်အချို့မှာလည်း ဘေးအန္တရာယ်ကင်းရာသို့ တိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်။

ထပ်မံ စစ်ဆေးချက်အရ ပျံလွန်တော်မူခဲ့သည့် ဆရာတော်မှာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ညီအစ်ကို တော်စပ်သူဖြစ်ပြီး ဆရာတော်အနေဖြင့် အကြမ်းဖက်အဖွဲ့၏ လုပ်ဆောင်ချက်များအပေါ် အကြမ်းဖက်လူသတ်လုပ်ရပ်များမှာ လက်ရှိဘဝသာမက နောင်သံသရာအထိပါ အကျိုးယုတ်စေနိုင်ကြောင်း၊ ရွာသူ၊ ရွာသားအချင်းချင်း ယခုကဲ့သို့ စွပ်စွဲသတ်ဖြတ်နေမှုများကြောင့် တစ်ဦးနှင့်တစ်ဦး အမုန်းပွားစေကာ ရပ်ရွာအေးချမ်းမှုကို ပျက်ပြားစေနိုင်ကြောင်း၊ သို့ဖြစ်၍ ဗုဒ္ဓဘာသာကောင်းများ ပီသစွာဖြင့် အကြမ်းဖက်၊ လူသတ်၊ မီးရှို့ အစရှိသည့် အကြမ်းဖက်လုပ်ရပ်များကို ရပ်တန့်ပြီး ရပ်ရွာအေးချမ်း တည်ငြိမ်မှုရှိစေရေး ကြိုးစား ဆောင်ရွက်သင့်ကြောင်းတို့ကို ဘုရားဟောဒေသနာတရားများနှင့်အညီ ခေါ်ယူ၍ ဆိုဆုံးမခဲ့ဖူးကြောင်း၊ ထိုသို့ ခေါ်ယူ ဆိုဆုံးမပြောဆိုမှုများအပေါ် ကျေနပ်မှုမရှိသဖြင့် အကြမ်းဖက်သမားများက ယခုကဲ့သို့ လာရောက်၍ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

အထက်ပါ ဖြစ်စဉ်တွင် ဆရာတော်အား ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံး ဖမ်းဆီးရမိရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



PDF အမည်ခံ အကြမ်းဖက်သမားများ သတ်ဖြတ်မှုကြောင့် ပျံလွန်တော်မူသွားသည့် ဓမ္မသုခ အောင်မြေရတနာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ကို တွေ့ရစဉ်။





*❖ကျောဖုံးမှ*

တည်ငြိမ်အေးချမ်းမှုကို လိုလားသော ကျေးရွာသူ၊ ကျေးရွာသားအချို့က လျှို့ဝှက်သတင်းပေးပို့လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့အစည်းအဝေး ပြုလုပ်သည့်နေရာကို မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်ခန့်တွင် စီးနင်းဝင်ရောက်ခဲ့ရာ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာ၏ အရှေ့တောင်ဘက်သို့ ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အပြစ်မဲ့ပြည်သူနှင့် ၎င်းတို့၏နေအိမ် အဆောက်အဦများ ထိခိုက်မှုမရှိစေရေး သတိပြုရှောင်ရှားဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်စဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အကြမ်းဖက်သမား လေးဦးကို အသေဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ တစ်လုံးထိုးသေနတ် သုံးလက်၊ လက်ပစ်ဗုံး သုံးလုံး၊ လက်လုပ် လက်ပစ်ဗုံး ၂၃ လုံး၊ လက်လုပ်မိုင်း ကြီး သုံးလုံး၊ အမ်-၂၂ ကျည် ၄၄၄ တောင့်၊ ပွိုင့်-၂၂ ကျည် ၅၉ တောင့်၊ လျှပ်စစ်ဒီတိုနေတာ ၃၅၀၊ ယမ်းကြိုးခွေ သုံးခွေ၊ ယမ်းမှုန့် လေးပိဿာ၊ လက်လုပ်သုံးချောင်းထောက်စင် တစ်ခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများ အနေဖြင့် ကျေးရွာအချို့တွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး၍ နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်မြို့၌ ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်း မြေပြိုကျမှုဖြစ်ကာ လူနှစ်ဦးပျောက်ဆုံးနေ

**ဖားကန့် ဒီဇင်ဘာ ၂၀**

ကချင်ပြည်နယ် ဖားကန့်မြို့ ရှရော်ခကျေးရွာနှင့် မနကျေးရွာကြားရှိ ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်း၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၅နာရီခန့်က မြေပြိုကျမှုဖြစ်ပွားကာ လူနှစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်စိမ်းသစ်ရှက် ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်းရေကန်ထဲသို့ ပေ ၁၀၀ ခန့်အကျယ် မြေစာလျှောကျမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေစာပြိုကျမှုကြောင့် လက်ရှိအချိန်ထိ လူနှစ်ဦးပျောက်ဆုံးနေကြောင်း ကနဦး သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နတ်မောက်မြို့၌ ရေခဲသေတ္တာအပူလွန်ကဲရာမှ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်

**နတ်မောက် ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ဒီဇင်ဘာ ၁၉ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်က မြို့မရပ်ကွက်ရှိ မြတ်သီရိလမ်းနေ ရေခဲသေတ္တာ အပူလွန်ကဲရာမှ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ၊ ဒုတိယမီးသတ်ဦးစီးမှူးနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ စိတ်ဓာတ်ဖြူစင် ကရုဏာရှင်လူမှုကူညီရေးအသင်းနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေမှုကို တွေ့ရစဉ်။

# ဝါးခယ်မမြို့နယ် ဖက်တန်းကျေးရွာအနီးတွင် မြစ်ကမ်းပါးပြိုကျမှုဖြစ်

**ဝါးခယ်မ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် စပ်ထုံးကျေးရွာအုပ်စု ဖက်တန်းကျေးရွာ အနီးတွင် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါး ပြိုကျသဖြင့် နေအိမ်တစ်လုံး ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

မြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းပါး အရှည် ၂၅ ပေ၊ အကျယ် ၁၅ ပေခန့် ပြိုကျမှုဖြစ်ပွားခဲ့ရာ လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ထိခိုက်မှုမရှိကြောင်း၊ မြစ်ကမ်းပါးအနီးတွင် နေထိုင်သော နေအိမ်တစ်လုံးနှင့် မိသားစုဝင် အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ငါးဦးတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဇော်နှင့် ကျေးရွာသားများ၊ ရွှေလောင်းနယ် မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရွှေလောင်းမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်တို့က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ဖိလစ်ပိုင် တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူဦးရေ ၂၀၀ ကျော်အထိရှိလာ

မနီလာ ဒီဇင်ဘာ ၂၀

ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း "ရိုင်" ကြောင့် သေဆုံးသူဦးရေမှာ ၂၀၀ ကျော်အထိ ရှိလာကြောင်း ဖိလစ်ပိုင်အမျိုးသားရဲဌာနက ပြောသည်။ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စီဘူးကျွန်းအပါအဝင် ဖိလစ်ပိုင်အလယ်ပိုင်း အခြားသောနေရာများကို အင်အားပြင်းထန်သည့် မုန်တိုင်းတိုက်ခတ်ခဲ့ပြီး နေအိမ်များပျက်စီးခဲ့သည်။

ထို့ပြင် နေရာအတော်များများတွင် ရေကြီးမှုများလည်း ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။ စီဘူးကျွန်းနှင့် ဘိုဟိုကျွန်းတို့တွင် လူပေါင်း ၂၀၈ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။ စာသင်ကျောင်းများနှင့် အခြားသော ခိုလှုံရာနေရာများတွင် နေထိုင်နေရသူပေါင်း ၁၈၀၀၀၀ ကျော်ရှိသည်ဟုလည်း သိရသည်။ ဝေးလံသည့်ကျွန်းများတွင် ပျက်စီးဆုံးရှုံးမှုအတိအကျကို မသိရသေးကြောင်း နိုင်ငံ၏ သဘာဝဘေး အေဂျင်စီက ပြောသည်။

မုန်တိုင်းဒဏ်ခံဒေသများသို့ ရေ၊ အစားအသောက်၊ တဲနှင့် အခြားသောပစ္စည်းများ ခွဲဝေပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၄၀ ခွဲဝေချထားကြောင်း ဒီဇင်ဘာ ၁၉ ရက်တွင် အစိုးရကပြောသည်။

သို့သော်လည်း မုန်တိုင်းကြောင့် အချို့သောနေရာများတွင် လမ်းများပြတ်တောက်မှုဖြစ်ပေါ်နေသည့်အတွက် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်အကူအညီများပေးရန် အဟန့်အတားများနှင့် ကြုံတွေ့နေရသည်။ **အင်န်အိတ်ချ်ကေ**



ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းကြောင့် အပျက်အစီးများကို တွေ့ရစဉ်။




ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရာစင်တာ။

## ဩစတြေးလျနိုင်ငံ၌ အသက် ၅ နှစ်မှ ၁၁ နှစ်ကြား ကလေးများ ကာကွယ်ဆေးထိုးရန် ကြိုတင်စာရင်းပေးသွင်း

ကန်ဘာရာ ဒီဇင်ဘာ ၂၀

ဩစတြေးလျနိုင်ငံ မြို့တော်တွင် ဒီဇင်ဘာ ၂၀ ရက်မှ စတင်ကာ အသက် ၅ နှစ်မှ ၁၁ နှစ်ကြား ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် စာရင်းပေးသွင်းနိုင်ပြီဟု သိရသည်။

ကလေးများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုကို ကြိုတင်စာရင်းပေးသွင်းမှုနှင့်အတူ ဇန်နဝါရီ ၁၀ ရက်မှ စတင်မည်ဖြစ်သည်။ ကလေးများတွင် ကိုဗစ်-၁၉ ရောဂါလက္ခဏာပြင်းထန်မှုမရှိသော်လည်း ရောဂါကူးစက်မှုမှာ ဆက်လက်ရှိနေဦးမည်ဟု မြို့တော်နယ်မြေ ကျန်းမာရေးဝန်ကြီး ရေချယ်စတက်ဖန်စမစ်က ပြောသည်။ ကန်ဘာရာမြို့ရှိ မိဘများသည် ၎င်းတို့၏ ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးလိုပြီး ကာကွယ်ဆေးထိုးပေးခြင်းအားဖြင့် ကိုဗစ်-၁၉ ၏ သက်ရောက်မှုများကို အကာအကွယ်ပေးနိုင်မည်ဟုလည်း ၎င်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အသက် ၅ နှစ်မှ ၁၁ နှစ်အရွယ် ကလေးများအတွက် ဖိုက်ဇာကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးပေးခြင်းမှာ လုံခြုံစိတ်ချရမှုရှိကြောင်း အတည်ပြုထားသည်။

ဩစတြေးလျနိုင်ငံတစ်လွှားဒီဇင်ဘာ ၂၀ ရက်တွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၀၀၀ နီးပါးရှိပြီး ဆေးရုံတက်ရောက် ကုသရမှုနှုန်းနှင့် ကူးစက်မှုနှုန်းမှာ ပြန်လည်များပြားလာခဲ့သည်။ နယူးဆောက်ဝေးလ်ပြည်နယ်တွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၅၀၁ ဦးရှိပြီး ဗစ်တိုးရီးယားပြည်နယ်တွင် ၁၃၀၂ ဦးရှိသည်။**အင်န်အိတ်ချ်ကေ**

## ဆမ်မရူမီးတောင်ပေါက်ကွဲမှုအတွက် ဂျာဗားခွဲ သတိပေးချက်ထုတ်ပြန်ထား

ဂျကာတာ ဒီဇင်ဘာ ၂၀

ဂျာဗားကျွန်းပေါ်ရှိ မီးတောင်တစ်ခုမှာ နောက်ထပ်ပေါက်ကွဲမည့် အရိပ်အယောင်ရှိပြီး မီးတောင်မှ ပြာများနှင့်ချော်ရည်များ စီးဆင်းလာနိုင်သည့်အတွက် အင်ဒိုနီးရှားအာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားသည်။

ဆမ်မရူမီးတောင်သည် ဒီဇင်ဘာ ၄ ရက်က ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ ၄၈ ဦး သေဆုံးခဲ့ပြီး ၃၆ ဦး ပျောက်ဆုံးခဲ့သည်။ မီးတောင်ပြာများ၊ ချော်ရည်များကြောင့် တောင်ခြေရှိရွာများ ထိခိုက်ခဲ့ရသည်။ ထိုအချိန်မှစတင်ကာ မီးတောင်ပေါက်ကွဲမှုနှင့် ချော်ရည်ပြာများထွက်မှုတို့ နေ့စဉ်ဆိုသလို ဖြစ်ပွားခဲ့သည်။ ဒီဇင်ဘာ ၁၉ ရက်နံနက်ပိုင်းက မီးတောင်ပေါက်ကွဲမှုကြောင့် ပြာများနေရာအတော်များများသို့ ပြန့်ကျဲသွားခဲ့သည်။ မီးတောင်ပေါက်ကွဲမှုနှင့်ပတ်သက်၍ ဒုတိယအမြင့်ဆုံး သတိပေးချက်ထုတ်ပြန်ထားသည်။ လွန်ခဲ့သည့်နှစ်ပတ်ခန့် မီးတောင်ပေါက်ကွဲမှု စတင်ဖြစ်ပွားခဲ့သည့် အချိန်မှစတင်ကာ ဒေသခံ ၁၀၀၀၀ ကျော်မှာ ခိုလှုံရာနေရာများတွင် နေထိုင်နေရသည်။ ဒီဇင်ဘာ ၇ ရက်တွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက အဆိုပါဒေသသို့ သွားရောက်ခဲ့သည်။ ဒေသခံအမြောက်အမြားကို နေရာ ရွှေ့ပြောင်းပေးမှုများ ပြုလုပ်ရန် အစိုးရက စဉ်းစားနေသည်ဟုလည်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**



မီးတောင်ပေါက်ကွဲမှုကြောင့် ပျက်စီးနေမှုများကို တွေ့ရစဉ်။

## အိုမီခရွန်ကို တိုက်ဖျက်နိုင်ရေးအတွက် နောက်ထပ်ကာကွယ်ဆေး သန်း ၂၀ ထောက်ပံ့ပေးသွားမည်ဟု အီးယူပြော

ဘရတ်ဆဲ ဒီဇင်ဘာ ၂၀

လာမည့်နှစ် ပထမသုံးလပတ်အတွင်း အီးယူအဖွဲ့ဝင်နိုင်ငံများသို့ နောက်ထပ်ဖိုက်ဇာကာကွယ်ဆေးသန်း ၂၀ ထပ်မံရရှိသွားမည်ဟု ဥရောပကော်မရှင်က ဒီဇင်ဘာ ၁၉ ရက်တွင်ပြောသည်။

အိုမီခရွန်တိုက်ဖျက်ရေးအတွက် ကာကွယ်ဆေးများ ထောက်ပံ့ပေးသွားမည်ဟု သိရသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ကာကွယ်ဆေးများ ပိုမိုတင်ပို့ပေးရန် ဥရောပကော်မရှင်နှင့် ဖိုက်ဇာကုမ္ပဏီတို့ သီတင်းပတ်အနည်းငယ်အတွင်း စတင်သွားမည်ဟု ကော်မရှင်က ပြောသည်။ ဇန်နဝါရီလအတွင်း ကာကွယ်ဆေးငါးသန်း တင်ပို့ပေးမည်ဖြစ်သည်။

ဖေဖော်ဝါရီလအတွင်း နောက်ထပ်ကာကွယ်ဆေးငါးသန်းထပ်မံရရှိမည်ဖြစ်ပြီး မတ်လအတွင်း ကာကွယ်ဆေး ၁၀ သန်း ရရှိမည်ဖြစ်သည်။ မော်ဒါးနားဆေးကုမ္ပဏီက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ကာကွယ်ဆေးပိုမိုတင်ပို့ပေးမည်ဟု သဘောတူညီချက်ရရှိပြီးနောက်ယခုလို ကြေညာချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ဥရောပသည် နောက်ထပ် ကိုဗစ်-၁၉ လှိုင်းသစ်ကို ကြုံကြိုက်ခံရင်ဆိုင်နေရသည်။ **ဆင်ဟွာ**

## အီရန်နိုင်ငံတွင် ပထမဆုံး အိုမီခရွန်ကူးစက်မှုတွေ့ရှိ

တီဟီရန် ဒီဇင်ဘာ ၂၀

အီရန်နိုင်ငံတွင် ပထမဆုံး အိုမီခရွန်ကူးစက်မှုကို တွေ့ရှိခဲ့သည်ဟု အီရန်ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါစီမံခန့်ခွဲမှုစင်တာ အကြီးအကဲဖြစ်သူ မိုဟမ်မက်မက်ဒီဂိုယာက ပြောသည်။ အိုမီခရွန်ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေသည့် အိမ်နီးချင်းနိုင်ငံတစ်ခုသို့ သွားရောက်ပြီးပြန်လာသည့် အီရန်နိုင်ငံသားတစ်ဦးတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပထမဆုံး အိုမီခရွန်ကူးစက်မှုကို တွေ့ရှိပြီးနောက် ယခုအခါ နောက်ထပ်ကူးစက်ခံရသည်ဟု သံသယရှိသူနှစ်ဦးကိုပါ တွေ့ရှိခဲ့သည်။ ဒီဇင်ဘာ ၁၉ ရက်တွင် အီရန်နိုင်ငံ၌ နောက်ထပ် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၉၆၈ ဦး တွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၆၁၇၀၉၇၉ ဦး ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ ၆၃ ဦးရှိ

**ဘန်ကောက် ဒီဇင်ဘာ ၂၀**

ထိုင်းနိုင်ငံ၌ ပထမဆုံး ဒေသတွင်း အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားနေသူတစ်ဦး တွေ့ရှိခဲ့ကြောင်း ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေး စင်တာ (စီစီအက်စ်အေ) က ဒီဇင်ဘာ ၂၀ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

အိုမီခရွန် ကူးစက်ဖြစ်ပွားသူမှာ ထိုင်းအမျိုးသမီးတစ်ဦးဖြစ်ကာ နိုဝင်ဘာလက နိုင်ဂျီးရီးယားမှ ပြန်လာသော သူမအမျိုးသားလေယာဉ်မှူးဆီကတစ်ဆင့် ကူးစက်ထိတွေ့ခဲ့ခြင်းဖြစ်သည်။ အမျိုးသားရော၊ သူမပါ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံမှု ခံယူပြီးပြီဖြစ်ကြောင်း စီစီ အက်စ်အေက ဖော်ပြသည်။

ထိုင်းအစိုးရက စမ်းသပ်စစ်ဆေးပြီး သွားလာနိုင်သည့် Test & Go ကွာရန်တင်းအစီအစဉ်ကို ဖျက်သိမ်းရန်စဉ်းစားနေချိန်တွင် ယခုလို အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားမှု တွေ့ရှိခဲ့ခြင်းဖြစ်သည်။




ဒွန်မောင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး စည်းကမ်းများနှင့်အညီ သွားလာနေကြသူများကို တွေ့ရစဉ်။

ယခုအချိန်အထိ ထိုင်းနိုင်ငံ၌ အိုမီခရွန် ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ ၆၃ ဦးရှိကြောင်း အတည်ပြုဖော်ပြခဲ့ပြီး တချို့မှာ စစ်ဆေးထားဆဲရှိကြောင်း သိရသည်။

ဘက်ပေါင်းစုံဝင်ခွင့်အစီအစဉ်များအရ နိုဝင်ဘာ ၁ ရက်က ထိုင်းနိုင်ငံသို့ လမ်းဖွင့်ပေးလိုက်ချိန်တွင် နိုင်ငံတကာခရီးသွား ၁၅၀၀၀၀ ကျော်ရောက်ရှိလာခဲ့သည်။

တင်းကျပ်သည့် ဝင်ခွင့်သတ်မှတ်ချက်များ ပြန်လည်ချမှတ်လိုက်ခြင်းနှင့် ကွာရန်တင်းဝင်ရန် ဆောင်ရွက်ချက်များက ခရီးသွားကဏ္ဍကို ထိခိုက်စေရုံသာမက အလုံးစုံစီးပွားရေးပြန်လည်နာလန်ထူရေးကိုလည်း သက်ရောက်မှုရှိစေသည်။

ဆင်ဟွာ

# စပိန်တင်းနစ်ကျော် ရာဖေးနာဒယ် ကိုဗစ်-၁၉ ကူးစက်

**မက်ဒရစ် ဒီဇင်ဘာ ၂၀**

စပိန်တင်းနစ်အကျော်အမော် ရာဖေးနာဒယ်က စပိန်သို့ ဆိုက်ရောက်ချိန်တွင် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု ဒီဇင်ဘာ ၂၀ ရက်က ပြောကြားလိုက်သည်။



စပိန်တင်းနစ်
အကျော်အမော်
ရာဖေးနာဒယ်

လွန်ခဲ့သောသီတင်းပတ်က အဘူဒါဘီတွင် ခြေထောက်ဒဏ်ရာရရှိခဲ့ပြီး မွေးရပ်မြေသို့ပြန်လာစဉ် ထိုသို့ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဘူဒါဘီတွင်ကစားပြီး အိမ်ပြန်လာစဉ် ပီစီအာရ်စစ်ဆေးမှုဖြင့် ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိခဲ့ကြောင်း နာဒယ်က ပြောကြားခဲ့သည်။ အဆင်မပြေသည့် အခြေအနေတစ်ခုကို ဖြတ်ကျော်ရဦးမည်ဖြစ်ကြောင်း၊ သို့သော်လည်း တဖြည်းဖြည်းချင်း နည်းနည်းစီ တိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ လတ်တလော နေအိမ်တွင် ကန့်သတ်စောင့်ကြည့်မှု လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မိမိနှင့်ထိတွေ့ခဲ့သူများအား ယခုလို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း ပြောကြားမည်ဖြစ်ကြောင်း လူမှုမီဒီယာပေါ်တွင် နာဒယ်က ရေးသားမျှဝေခဲ့သည်။

အားကစားပွဲ အစီအစဉ်များကို အဆင်ပြေအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မိမိတိုးတက်မှုအပေါ်မူတည်ပြီး ရွေးချယ်စရာများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နာဒယ်က ပြောသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်၌ အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ခံထားရသူ သုံးဦးရှိပြီ

**မနီလာ ဒီဇင်ဘာ ၂၀**

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၂၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၆၃ ဦးတိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၃၇၇၃၀ အထိရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၄၅ ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူပေါင်း ၅၀၇၈၄ ဦး အထိရှိလာခဲ့သည်။

ကိုဗစ်-၁၉ နှင့် ရင်ဆိုင်နေရသူ အရေအတွက် ၉၅၉၂ ဦးအထိ လျော့နည်းကျဆင်းခဲ့သည်။ လွန်ခဲ့သောနှစ် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းသုံးခုရိုက်ခတ်ခြင်းကို ခံခဲ့ရသည်။

နောက်ဆုံး ကိုဗစ်-၁၉ လှိုင်းသည် စက်တင်ဘာလတွင် မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်နေ့ တစ်နေ့တည်း ကိုဗစ်-၁၉ ဖြင့်သေဆုံးသူ ၂၆၃၀၃ဦးဖြင့် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းအမြင့်ဆုံး ဖြစ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ တတိယမြောက် အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ခံထားရသူတစ်ဦးကို စမ်းသပ်တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဆိုင်ရာ အကြီးအကဲ မာရီယာရိုဆာရီယိုဗာဂျီရီက အွန်လိုင်းသတင်းရှင်းလင်းပွဲတွင် သတင်းထောက်များကို ပြောခဲ့သည်။

အရှေ့တောင် အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၌ လူဦးရေ



ဖိလစ်ပိုင်နိုင်ငံတွင် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

သန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၃ သန်းကျော်လွန်လာပြီဖြစ်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူ ၄၇၇၅၅၄ ဦးအထိရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၅၆၃ ဦးရှိလာသောကြောင့် ဒီဇင်ဘာ ၂၀ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၇၄၆၈၃၈ ဦးအထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး ထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၃၂ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၇၇၅၅၄ ဦးအထိရှိလာခဲ့သည်။ အိန္ဒိယနိုင်ငံ၌ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၈၂၂၆၇ ဦးရှိခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၅၇၂ ရက်အတွင်း အနည်းဆုံးဖြစ်ခဲ့သည်။ လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ ၈၀၇၇ ဦးအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူ ၃၄၁၈၇၀၁၇ ဦးရှိလာပြီဖြစ်သည်။ လတ်တလော ကိုဗစ်-၁၉ ကင်းစင်သွားသူ ၉၈ ဒသမ ၃၉ ရာခိုင်နှုန်းရှိပြီး အဆိုပါပမာဏသည် ၂၀၂၀ ခုနှစ် မတ်လမှစကာ အမြင့်ဆုံး ပမာဏဖြစ်သည်။

ဆင်ဟွာ

# အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၉ ဒသမ ၁၅ သန်းကျော်လွန်

**အဒစ္စအဘာဘာ ဒီဇင်ဘာ ၂၀**

အာဖရိကတွင် ဒီဇင်ဘာ ၁၉ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၉၁၅၅၆၉၁ ဦးအထိ ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ) က ပြောသည်။ စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၂၅၉၆၇ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၈၃၂၉၄၈၁ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။ အာဖရိကတွင် တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၂၉၂၆၀၉ ဦးဖြင့် ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ကာ မော်ရိုကိုနိုင်ငံသည် ၉၅၂၆၂၈ ဦးဖြင့် နောက်မှလိုက်လျက်ရှိကြောင်း သိရသည်။ တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား မှုအနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# ကိုဗစ် - ၁၉ နှင့် မိုးခေါင်ရေရှားခြင်းတို့ကြောင့် အငတ်ဘေးနဲ့ ကြုံတွေ့နေရတဲ့ ဆိုမာလီယာ

## လင်းဟန်သစ်

ကမ္ဘာတစ်ဝန်းကိုဗစ်-၁၉ ဗိုင်းရပ်စ်သစ်ကူးစက်ပျံ့နှံ့မှုနဲ့အတူ တချို့နိုင်ငံတွေဆိုရင် အငတ်ဘေးတွေနဲ့တောင် ရင်ဆိုင်နေရပါတယ်။ အငတ်ဘေးနဲ့ကြုံတွေ့နေရတဲ့ တောင်ဆူဒန်၊ အာဖဂန်နစ္စတန်နိုင်ငံနဲ့ ဆိုမာလီယာနိုင်ငံဖြစ်ပါတယ်။ ဆိုမာလီယာအကြောင်းကို မဖော်ပြခင် တောင်ဆူဒန်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတို့အကြောင်း အနည်းငယ် ဖော်ပြလိုပါတယ်။

**တောင်ဆူဒန်**

လွန်ခဲ့တဲ့ ၁၀ နှစ် ဆူဒန်ကခွဲထွက်ပြီး လွတ်လပ်ရေးရရှိခဲ့ချိန်မှစကာ တောင်ဆူဒန်နိုင်ငံဟာ အခုချိန်မှာတော့ အစားအစာမလုံလောက်မှု အဆင့်သတ်မှတ်ချက်မှာ အမြင့်ဆုံးရောက်ရှိလာတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။

စုစုပေါင်း ပျမ်းမျှလူဦးရေ ၁၂ ဒသမ ၇၈ သန်းရှိတဲ့ တောင်ဆူဒန်နိုင်ငံမှာ ၆၀ ရာခိုင်နှုန်းကျော်ဟာ အလွန့်ကို ဆိုးရွားစွာနဲ့ အစားအစာမလုံလောက်မှုကို ခံစားနေရပါတယ်။

ပဋိပက္ခအကျပ်အတည်းတွေ၊ ရုတ်တရက် ရာသီဥတုပြောင်းလဲဖြစ်ပေါ်မှုတွေ၊ ရွှေ့ပြောင်းနေထိုင်ရမှုတွေ၊ ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာတဲ့ လူမှုစီးပွားရေးရိုက်ခတ်မှုတွေ၊ အခြေခံအဆောက်အအုံတွေနဲ့ အခြေခံဝန်ဆောင်မှုတွေအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုမရှိတဲ့အတွက် အခုလိုအငတ်ဘေးနဲ့ရင်ဆိုင်နေရတာ ဖြစ်ပါတယ်။

တောင်ဆူဒန်မှာ လတ်တလောလူပေါင်း ၈ ဒသမ ၃ သန်း အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေလိုအပ်လျက်ရှိပါတယ်။ အဲဒီထဲမှာ ကလေးငယ် ၁ ဒသမ ၄ သန်း ပါဝင်ပါတယ်။

**အာဖဂန်နစ္စတန်**

ထို့အတူ အာဖဂန်နစ္စတန်မှာရှိတဲ့ လူထက်ဝက်ကျော်ဟာ လာမယ့်လတွေမှာ အထူးစိုးရိမ်ဖွယ် အငတ်ဘေးနဲ့ ရင်ဆိုင်ရမယ်လို့ ကုလသမဂ္ဂအစားအစာနဲ့ စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) နဲ့ ကမ္ဘာ့စားနပ် ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) က ပြောကြားလိုက်ပါတယ်။

၂၀၂၁ ခုနှစ်ဆောင်းဦးရာသီနဲ့ ၂၀၂၂ ခုနှစ် မတ်လကြား အာဖဂန်နစ္စတန်နိုင်ငံရဲ့ နောက်ဆုံးစားနပ်ရိက္ခာ လုံခြုံမှုအဆင့်ခွဲခြားသတ်မှတ်ချက်အစီရင်ခံစာအရ အငတ်ဘေးရင်ဆိုင်ရတော့မယ့် အာဖဂန်ပြည်သူ ၂၂ ဒသမ ၈ သန်း ရှိလာနိုင်တယ်လို့ ဖော်ပြထားပါတယ်။

ဒီလို အခြေအနေဆိုက်ရောက်လာခြင်းရဲ့ နောက်ကွယ်မှာတော့ ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ အကျိုးသက်ရောက်မှုသာမက တခြားအရေးကြီးတဲ့အချက်တွေလည်း ရှိပါသေးတယ်။ အဲဒါတွေကတော့ မိုးခေါင်ရေရှားမှုတွေ၊ နိုင်ငံရေးပဋိပက္ခတွေနဲ့ ရေရှည်ဖြစ်ပေါ်နေတဲ့ စီးပွားရေးအကျပ်အတည်းတွေပဲဖြစ်ပါတယ်။

**ဆိုမာလီယာ**

အလားတူ ဆိုမာလီယာနိုင်ငံမှာလည်း လေးယောက်မှာတစ်ယောက်နီးပါး အရေးပေါ် ဆာလောင်မွတ်သိပ်ခြင်းတွေနဲ့ ရင်ဆိုင်နေရပါတယ်။ မိုးခေါင်ရေရှားခြင်းက ပဋိပက္ခတွေနဲ့အကျပ်တွေ့နေတဲ့ နိုင်ငံရဲ့ အခြေအနေကို ပိုဆိုးစေခဲ့ပါတယ်။

ဒီအကျပ်အတည်းက ပိုပြီးဆိုးလာနိုင်ပါတယ်။ ၂၀၂၂ ခုနှစ်မေလလောက်မှာ လူပေါင်း ၄ ဒသမ ၆ သန်းလောက် အစားအစာအကူအညီကို အရေးပေါ်လိုအပ်မှာဖြစ်တယ်လို့ ကုလသမဂ္ဂက သတိပေးပြောကြားခဲ့ပါတယ်။ နှစ်ပေါင်း ၃၀ ကျော်လောက်အတွင်း ဆိုမာလီယာနိုင်ငံမှာ သုံးရာသီဆက်တိုက် မိုးခေါင်ရေရှားဖြစ်ခဲ့ပြီး နောက်ပိုင်းမှာလည်း မိုးရွာသွန်းဖို့ မကျိန်းသေတဲ့အခြေအနေကို ခန့်မှန်းတွက်ချက်ပြီးနောက်မှာတော့ အခုလို ကုလသမဂ္ဂက သတိပေးခဲ့တာဖြစ်ပါတယ်။

အစားအစာ၊ ရေနဲ့ မြေအာဟာရပြတ်တောက်မှုက လူပေါင်း ၁၆၉၀၀၀၀ ခန့်ကို အိုးပစ် အိမ်ပစ် ထွက်ပြေးစေပါတယ်။ ဒီအခြေအနေနဲ့ဆိုရင် ခြောက်လအတွင်းမှာ အခုလို အိုးပစ်အိမ်ခွာထွက်ပြေးတဲ့ သူအရေအတွက်ဟာ ၁ ဒသမ ၄ သန်းလောက် ရှိလာနိုင်ပါတယ်လို့ ကုလသမဂ္ဂက ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

**ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို အဆိုးရွားဆုံးခံစား**

မကြာသေးမီနှစ်များအတွင်းမှာ သဘာဝဘေးဒုက္ခတွေဟာ အိုးပစ်အိမ်ခွာထွက်ပြေးစေခြင်းရဲ့ အဓိကအကြောင်းတရားတစ်ခုဖြစ်ပါတယ်။ စစ်ပွဲကြောင့် ထောင်းထောင်းကြေနေတဲ့ ဆိုမာလီယာနိုင်ငံဟာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို အဆိုးရွားဆုံး ခံစားနေရတဲ့ ကမ္ဘာ့နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်။



အစာအာဟာရ လုံလောက်စွာမရသည့် ဆိုမာလီကလေးငယ်တချို့ကို တွေ့ရစဉ်။

အသက် ငါးနှစ်အောက် ကလေးငယ်ပေါင်း ၃၀၀၀၀၀ လောက်ဟာ လာမယ့်လအတွင်းမှာ ဆိုးရွားတဲ့ အာဟာရချို့တဲ့မှုနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။

**ပျက်စီးသွားကြလိမ့်မယ်**

အချိန်နဲ့တစ်ပြေးညီ မိမိတို့မကူညီဘူးဆိုရင် သူတို့တွေ ပျက်စီးသွားကြလိမ့်မယ်လို့ ဆိုမာလီယာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး အဒမ်အက်ဘ်ဒယ်မိုလာက ပြောကြားခဲ့ပါတယ်။ ဒီအကျပ်အတည်းကို ဖြေရှင်းဖို့ ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ (၁ ဒသမ ၃ ဘီလီယံ ယူရို) နီးပါး ရန်ပုံငွေမတည်ဖို့ တောင်းဆိုလိုက်ပါတယ်။

ဆိုမာလီယာနိုင်ငံရဲ့ လူဦးရေ ၁၅ ဒသမ ၉ သန်းရဲ့ ထက်ဝက်ပမာဏနီးပါးလောက်ဖြစ်တဲ့ လူဦးရေ ၇ ဒသမ ၇ သန်းဟာ ၂၀၂၂ ခုနှစ်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနဲ့ကာကွယ်ပေးမှုလိုအပ်မှာဖြစ်ပါတယ်။

**အငတ်ဘေးနဲ့ကြုံတွေ့ပြီး သေဆုံးနေပြီ**

ဆိုမာလီ ၁၀ ယောက်မှာ အနည်းဆုံး ခုနစ်ယောက်လောက် ဆင်းရဲမှုအခြေပြမျဉ်းအောက်မှာ ချို့တဲ့စွာ နေထိုင်ကြရမှာဖြစ်ပါတယ်။ ထို့အတူ မိုးခေါင်ရေရှားခြင်းကလည်း ရှိရင်းစွဲဆိုးရွားနေတဲ့ လူနေမှုဘဝကို ပိုမိုဆိုးစေမှာဖြစ်ပါတယ်။ ကောက်ပဲသီးနှံထုတ်လုပ်မှုတွေ လျော့နည်းကျဆင်းလာတဲ့နည်းတူ မိသားစုအတော်များများရဲ့ မွေးမြူရေးတွေလည်း ဆုံးရှုံးမှုတွေရှိလာမှာ ဖြစ်ပါတယ်။

လူသားချင်းဆိုင်ရာ စာနာထောက်ထားမှုအကူအညီတွေကို ချက်ချင်းမပေးရင် ဆုံးရှုံးမှုအန္တရာယ်တွေကို ပိုပြီးရင်ဆိုင်ရနိုင်ပါတယ်။ ကလေးတွေ၊ အမျိုးသမီးတွေ၊ လူကြီးတွေဟာ အငတ်ဘေးနဲ့ကြုံတွေ့ပြီး သေဆုံးနေပြီဖြစ်တယ်လို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီး ခါဒီဂျာဒီရီယီက ပြောပါတယ်။

**အစားအစာနဲ့ ရေပြတ်တောက်ခြင်းက ပဋိပက္ခတွေ ပိုမိုဖြစ်ပွား**

ဆိုမာလီယာအစိုးရဟာ မိုးခေါင်ရေရှားခြင်းကို လူသားချင်းဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် လွန်ခဲ့တဲ့လက ကြေညာခဲ့ပါတယ်။

မိုးခေါင်ခြင်းနဲ့ လျှပ်တစ်ပြက်ရေကြီးခြင်းတွေက ကင်ညာနဲ့ တောင်ဆူဒန်နိုင်ငံတွေကို အကြီးအကျယ် ဖရိုဖရဲပျက်စီးစေပါတယ်။ ရာသီဥတုအခြေအနေပေါ် များစွာမှီခိုအားထားနေရပြီး လယ်ယာစိုက်ပျိုးခြင်းနဲ့ မွေးမြူရေးလုပ်ငန်းတွေကိုလုပ်ကိုင်နေရတဲ့ ပြည်သူတွေဟာ ရာသီဥတုဘေးဒုက္ခအကျပ်အတည်းကို အတော်လည်း ရုန်းကန်လှုပ်ရှားနေရပါတယ်။

အစားအစာနဲ့ ရေပြတ်တောက်ခြင်းက ပြည်သူတွေကို ပဋိပက္ခတွေ ပိုမိုဖြစ်ပွားစေပါတယ်။ ပြည်သူတွေအနေနဲ့ ဘဝနေထိုင်ရှင်သန်ရေးအတွက် အခြေခံထောက်ပံ့မှုတွေနဲ့ စီးပွားရေးအလုပ်အကိုင်အကွက်အကွင်းတွေကို သူနိုင်ကိုယ်နိုင်အပြိုင်ရရှိရေး ကြိုးပမ်းနေရခြင်းတွေက ပဋိပက္ခတွေပိုမိုဖြစ်ပွားစေတဲ့ အကြောင်းတရားတွေ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်က အရှေ့အာဖရိကမှာ ထိတ်လန့်ကြောက်မက်ဖွယ် မိုးခေါင်ရေရှားခြင်းအပေါ် မချိမဆံ့ ကြုံကြုံခံခဲ့ရပါတယ်။ အဲဒီအခြေအနေက ဆိုမာလီယာနိုင်ငံကို ငတ်မွတ်ခေါင်းပါးမှု အခြေအနေကို တွန်းပို့လိုက်တာပဲ ဖြစ်ပါတယ်။

ကျွမ်းကျင်သူတွေကတော့ ရာသီဥတုပြောင်းလဲခြင်းကြောင့် ပြင်းထန်တဲ့ ရာသီဥတုဖောက်ပြန်ခြင်းတွေ မကြာခဏဖြစ်လာနိုင်တယ်လို့ သုံးသပ်ဖော်ပြထားပါတယ်။

**ကိုးကား - အေအက်ဖ်ပီ၊ ဆင်ဟွာ**

**❒ အစားအစာနဲ့ ရေပြတ်တောက်ခြင်းက ပြည်သူတွေကို ပဋိပက္ခတွေ ပိုမိုဖြစ်ပွားစေပါတယ်။ ပြည်သူတွေအနေနဲ့ ဘဝနေထိုင်ရှင်သန်ရေး အတွက် အခြေခံထောက်ပံ့မှုတွေနဲ့ စီးပွားရေးအလုပ်အကိုင် အကွက် အကွင်းတွေကို သူနိုင်ကိုယ်နိုင် အပြိုင်ရရှိရေးကြိုးပမ်းနေရခြင်းတွေက ပဋိပက္ခတွေပိုမိုဖြစ်ပွားစေတဲ့ အကြောင်းတရားတွေ ဖြစ်ပါတယ်**

# ဒီဇင်ဘာ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၆ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၂၆ ရှိ

## ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုး နိုင်ငံပေါင်း ၉၇ နိုင်ငံ ပျံ့နှံ့

(၂၀–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၅၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၇) ဦးတွေ့ရှိရပါသည်။** ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၁၀) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၀၉,၃၈၉) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၈,၃၈၀) ဦး** ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၆၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၅,၇၆၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၂၆) ဦး** ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
(၂၀–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၆၈)ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆)ခု | – |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၂)ခု | – |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၅)ခု | – |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၄)ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၄၇)ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၇၀)ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၈၃၇)ခု | (၁၁၄)ဦး |
| စုစုပေါင်း | (၁၁,၅၁၉)ခု | (၁၂၇)ဦး |

**လွန်ခဲ့သော(၂၁) ရက်အတွင်း ကိုဗစ်–၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၂၈–၁၁–၂၀၂၁ မှ ၁၈–၁၂–၂၀၂၁) ရက်နေ့အထိ**

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၂၈–၁၁–၂၀၂၁ မှ ၄–၁၂–၂၀၂၁) (Epidemiological Week–48) | ၁၄၂,၆၇၀ | ၂,၉၁၁ | ၂.၀၄ |
| (၅–၁၂–၂၀၂၁ မှ ၁၁–၁၂–၂၀၂၁) (Epidemiological Week–49) | ၁၁၆,၇၂၂ | ၂,၂၅၉ | ၁.၉၄ |
| (၁၂–၁၂–၂၀၂၁ မှ ၁၈–၁၂–၂၀၂၁) (Epidemiological Week–50) | ၁၀၃,၉၀၅ | ၁,၇၂၀ | ၁.၆၆ |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများကို စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၄၈)၊ အပတ်စဉ် (၄၉) နှင့် အပတ်စဉ် (၅၀) တို့ကို နှိုင်းယှဉ်ချက်အရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၀–၁၂–၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၉၇) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၆၃,၇၉၀) ဦး ရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြု တွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလား ဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများတွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျ ရရှိလာ သည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၀-၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၁၇၆၅၇၁၄ | ၄၀၅၃၉၈၇၅ | ၈၂၇၃၂၃ |
| ၂။ | အိန္ဒိယ | ၃၄၇၄၆၈၃၆ | ၃၄၁၈၇၀၁၇ | ၄၇၇၅၅၄ |
| ၃။ | ဘရာဇီး | ၂၂၂၁၃၇၆၂ | ၂၁၄၁၄၃၁၈ | ၆၁၇၈၃၈ |
| ၄။ | ဗြိတိန် | ၁၁၃၆၁၃၈၇ | ၉၇၈၃၃၅၅ | ၁၄၇၂၁၈ |
| ၅။ | ရုရှား | ၁၀၂၄၁၈၁၂ | ၉၀၁၄၉၈၀ | ၂၉၈၂၂၂ |
| ၆။ | တူရကီ | ၉၁၇၁၁၁၉ | ၈၇၈၅၆၀၀ | ၈၀၄၁၅ |
| ၇။ | ပြင်သစ် | ၈၆၂၅၈၄၉ | ၇၅၀၆၈၃၄ | ၁၂၁၄၉၃ |
| ၈။ | ဂျာမနီ | ၆၈၁၂၇၃၆ | ၅၈၀၁၄၀၀ | ၁၀၈၉၆၃ |
| ၉။ | အီရန် | ၆၁၇၃၃၆၉ | ၆၀၀၉၄၈၉ | ၁၃၁၁၂၄ |
| ၁၀။ | စပိန် | ၅၄၅၅၅၂၇ | ၄၉၆၈၂၈၇ | ၈၈၇၀၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၀ – ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၀၆၇၇ | ၄၁၁၁၈၃၅ | ၁၄၄၀၁၃ |
| ဖိလစ်ပိုင် | ၂၈၃၇၇၃၀ | ၂၇၇၇၃၅၄ | ၅၀၇၈၄ |
| မလေးရှား | ၂၇၁၈၉၅၅ | ၂၆၃၄၃၈၁ | ၃၁၀၉၂ |
| ထိုင်း | ၂၁၉၄၀၅၃ | ၂၁၃၂၅၄၈ | ၂၁၄၀၈ |
| ဗီယက်နမ် | ၁၅၅၅၄၅၅ | ၁၁၀၉၈၉၉ | ၂၉၇၉၁ |
| မြန်မာ | ၅၂၈၃၈၀ | ၅၀၅၇၆၁ | ၁၉၂၂၆ |
| စင်ကာပူ | ၂၇၅၉၁၀ | ၂၇၁၃၅၇ | ၈၁၃ |
| ကမ္ဘောဒီးယား | ၁၂၀၄၂၃ | ၁၁၆၈၀၃ | ၃၀၀၅ |
| လာအို | ၉၉၃၉၆ | ၈၆၈၂၄ | ၂၇၄ |
| ဘရူနိုင်း | ၁၅၄၁၂ | ၁၅၁၁၃ | ၉၈ |

# အလှရွှန်းစို မြကျွန်းညို့က ခဏာကွန်းခိုရာ အမိတက္ကသိုလ်သို့

**စန်းနီလာဝင်း**

**ယခုနှစ်ဆိုလျှင် အမိရန်ကုန်တက္ကသိုလ်ကြီးသည် နှစ် ၁၀၀ ပြည့်ကို တစ်နှစ်လွန်လာပြီဖြစ်၍ သက်တမ်း ၁၀၁ နှစ်ပြည့် သက်တော်ရှည် တက္ကသိုလ်ကြီး ဖြစ်နေပေပြီ။ "ပညာကို တန်ဆောင်၊ ဝီရိယကို ရွှေဂူချောင်၊ အမှန်ကိုသိမှ ကဝိအရာကို ခံရသည်" ဟူသော ဆိုရိုးစကားကဲ့သို့ အသိပညာရှင်၊ အတတ်ပညာရှင်များဘဝဖြင့် ရပ်တည်နိုင်အောင် ပညာရည်နို့သောက်စို့ခွင့်ရရှိကြသည့် အမိတက္ကသိုလ်ကြီး၏ ကျေးဇူးတရားတို့က ကြီးမားလှပါဘိ။**



ထို့ကြောင့် "နတ္ထိ သမံ ဝိဇ္ဇာ မိတ္တံ- ပညာနှင့်တူသော မိတ်ဆွေဟူသည် မရှိနိုင်" (There's no friend like wisdom) ဟူသော အမိရန်ကုန်တက္ကသိုလ်၏ ပညာဆောင်ပုဒ်သည် လောကီသစ္စာတရားအဖြစ် အမြဲမှန်ကန်နေမည်သာ ဖြစ်သည်။ လူ့အဖွဲ့အစည်းအတွက် "လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး" (Human Resources Development) အတွက် စဉ်ဆက်မပြတ် ဖြန့်ဝေပေးနေသည့် နေရာဌာနများမှာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ စသည့် အဆင့်မြင့် ပညာသင်ကျောင်းများနှင့် အခြေခံပညာစာသင်ကျောင်းများအားလုံးပင် ဖြစ်ကြသည်။

ပညာသင်ဘဝမှ ပညာရှင်ဘဝသို့ ရောက်ရှိလာအောင် ပညာအမွေပေးလျက်ရှိသည့် ပညာဘဏ္ဍာတိုက်ကြီးအဖြစ် ရပ်တည်လျက်ရှိခြင်းကြောင့် အမိရန်ကုန်တက္ကသိုလ်ကြီး၏ ကြင်နာနွေးထွေးသော ရင်ခွင်ဝယ် ခိုလှုံလာကြသည့် ပညာသင်မောင်မယ်တို့အဖို့ လူ့ဘဝ၏ ရတောင့်ရခဲလှသော ဒုလ္လဘ ဘဝဟု ဆိုနိုင်ပါသည်။ အမိရန်ကုန်တက္ကသိုလ်ကြီး၏ သက်တမ်းကို ၁၈၇၈ ခုနှစ်တွင် စတင် ဖွင့်လှစ်ခဲ့သော "ရန်ကုန်ကောလိပ်" စတင်ပေါ်ပေါက်ခဲ့ချိန်မှ ရေတွက်မည်ဆိုပါလျှင် နှစ်ပေါင်း ၁၄၃ နှစ် ရှိနေပြီဖြစ်ပါသည်။

၁၈၇၈ ခုနှစ်တွင် "ရန်ကုန်ကောလိပ်" (Rangoon College) ဘဝမှ ၂၆ နှစ်ကြာလာသောအခါ ၁၉၀၄ ခုနှစ်၌ "အစိုးရကောလိပ်" (Government College) ဟု ပြောင်းလဲအမည်ပေးခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံရှိ "ကာလကတ္တားတက္ကသိုလ်" (University of Culcatta)၏ လက်အောက်ခံဖြစ်ခဲ့ပြီး ၁၉၂၀ ပြည့်အရောက် ၄၂ နှစ်ကြာမြင့်လာတော့မှသာ "ရန်ကုန်ယူနီဗာစီတီကောလိပ်" (Rangoon University College)နှင့် "ဂျပ်ဆင်ခေါ် ယုဒသန်ကောလိပ်" (Judson College) တို့ကိုပူးပေါင်း၍ "ရန်ကုန်တက္ကသိုလ်" (Rangoon University) ဟု ခေါ်ဝေါ် သတ်မှတ်ခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ထိုစဉ်က ပညာမင်းကြီး "မက်ဟန်းတား" က တင်သွင်းခဲ့ပြီး ဥပဒေပြုကောင်စီက အတည်ပြုခဲ့သည်။ စက်တင်ဘာ ၂၆ ရက်နေ့တွင် ဒုတိယဘုရင်ခံက သဘောတူခဲ့ပြီး အောက်တိုဘာ ၂၄ ရက်နေ့တွင် ဘုရင်ခံချုပ်က သဘောတူခဲ့ရာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် "ရန်ကုန်တက္ကသိုလ်အက်ဥပဒေ"(The University of Rangoon Act,1920) စတင်အာဏာတည်ခဲ့သည်။

**အမျိုးသားပညာရေးလှုပ်ရှားမှုအောင်ပွဲများမှသည် တစ်မျိုးသားလုံးလွတ်မြောက်ရေးဆီသို့**

ထိုစဉ်က အင်္ဂလိပ်နယ်ချဲ့အစိုးရကျင့်သုံးခဲ့သော ပညာရေးစနစ်မှာ ကိုလိုနီအုပ်ချုပ်ရေးယန္တရားအတွက် မရှိမဖြစ်ဝန်ထမ်းများကိုသာ လေ့ကျင့်မွေးထုတ်သွားရန် ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ မျိုးချစ် ကျောင်းသားခေါင်းဆောင်များနှင့် မြန်မာမျိုးချစ်ခေါင်းဆောင်တို့သည် အမိမြန်မာပြည်တွင် အဆင့်မြင့်တက္ကသိုလ်ရှိစေလိုသော်လည်း အင်္ဂလိပ်နယ်ချဲ့အစိုးရ တစ်ဖက်သတ် ပြဋ္ဌာန်းခဲ့သော ရန်ကုန်တက္ကသိုလ်အက်ဥပဒေအရ တည်ထောင်မည့် တက္ကသိုလ်မျိုးကို လုံးဝ မလိုလားခဲ့ကြသောကြောင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြပြီး ရန်ကုန်တက္ကသိုလ်အတွက် လိုလားချက်များကို ပြတ်ပြတ်သားသား တောင်းဆိုခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေအရ တက္ကသိုလ်ကောင်စီတွင် အဖွဲ့ဝင် ၄၆ ဦး ပါဝင်မည်ဖြစ်ပြီး ထိုအထဲ၌ မြန်မာ ၅ ဦးသာ ပါဝင်ခွင့်ရှိသည်ကို ကြည့်ရုံနှင့်ပင် တရားမျှတမှု ရှိ မရှိ သိသာလွန်းလှပါသည်။

ထိုစဉ်က အင်္ဂလိပ်ပညာမင်းကြီးမစ္စတာ မက်ဟန်းတားကိုယ်တိုင် စာသင်ကျောင်းများတွင် ဗြိတိသျှအစိုးရက ခွင့်ပြုခဲ့သည့် သတင်းစာများကလွဲ၍ အခြားမြန်မာသတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများကို လုံးဝထားရှိခွင့်မပြုဘဲ ဖတ်ရှုခွင့်ပါ တားမြစ်ပိတ်ပင်ခဲ့သည်။ ဆရာ၊ ဆရာမများကိုလည်း လုံးဝဖတ်ရှုခွင့်မပြုဘဲ ဖျက်ဆီးပစ်ရမည်ဟု ၁၉၁၉ ခုနှစ် နိုဝင်ဘာ ၅ ရက် ရက်စွဲဖြင့် အင်္ဂလိပ်ပညာမင်းကြီးက အမိန့်ထုတ်ပြန်ခဲ့သည်။ သို့ကလောက် ဖိနှိပ်ချုပ်ချယ်ခဲ့ကြသည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်မှ မျိုးချစ်ကျောင်းသားခေါင်းဆောင်များက အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကိုလိုနီပညာရေးစနစ်ကို ပယ်ဖျက်ပေးရန် အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝဖြင့် ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီးကို ဆင်နွှဲခဲ့ကြရာ သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု မုခ်ဦးတံခါးကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့ကြောင့် အင်္ဂလိပ်နယ်ချဲ့အစိုးရကိုယ်စားလှယ် ဒုတိယဘုရင်ခံ ရန်ကုန်တက္ကသိုလ် အဓိပတိကြီး "ဆာရီဂျင်နယ်ကရက်ဒေါက်" ကိုယ်တိုင်ပင် အိန္ဒိယဘုရင်ခံချုပ်အား "ရန်ကုန်တက္ကသိုလ်သပိတ်မှောက်သည့်အရေးကိစ္စကို ထိထိရောက်ရောက် မနှိမ်နင်းနိုင်လျှင် မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်က လွတ်မြောက်သွားရန် အကြောင်းရှိသည်" ဟု ကိုယ့်ဝမ်းနာကိုယ်သိထားဟန်ဖြင့် ၁၉၂၁ ခုနှစ် ဇန်နဝါရီလတွင် အသေးစိတ်အစီရင်ခံတင်ပြခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

၁၉၂၀ ပြည့်နှစ် ပထမအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်ကြီးမှ စတင်မျိုးစေ့ချပေးခဲ့သော အမျိုးသားပညာရေးလှုပ်ရှားမှုအောင်ပွဲကြီးမှ တစ်မျိုးသားလုံးလွတ်မြောက်ရေး ကြိုးပမ်းမှုကို ဆက်လက်အမွေခံယူကာ ၁၉၃၆ ခုနှစ် ဒုတိယအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်၊ ၁၉၃၈ ခုနှစ် တတိယအကြိမ် ရန်ကုန်တက္ကသိုလ်သပိတ်တို့တွင် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကြီးနှင့်အတူ တောင်သူလယ်သမား၊ အလုပ်သမားများနှင့် ပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထိုမှတစ်ဆင့် အမျိုးသားလွတ်မြောက်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ပေါ်ပေါက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တစ်ခဲနက် ပါဝင်ဆင်နွှဲသည်။ ထိုမှတစ်ဆင့် လွတ်လပ်ရေးအောင်ပွဲကြီးကို ဆင်နွှဲနိုင်ခဲ့ခြင်းပင်ဖြစ်သည်မှာ သမိုင်းသက်သေတည်ခဲ့ပြီးဖြစ်ပါသည်။

**တက္ကသီလာပညာရွာ**

ပညာ၏နက်နဲသော အသုံးဝင်တန်ဖိုးနှင့် စပ်လျဉ်း၍ အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓ သခင်က "ပညာသမာ အာဘာနတ္ထိ = ပညာနှင့်တူသော အလင်းရောင်ဟူသည် လုံးဝမရှိနိုင်" ဟူ၍လည်းကောင်း၊ "ပညာ နရာနံ ရတနံ = ပညာသည် လူတို့၏ ရတနာစစ် ရတနာမှန်ဖြစ်သည်" ဟူ၍လည်းကောင်း ဟောကြားညွှန်ပြတော်မူခဲ့သည်။

ပညာဖွေရှာလေ့လာဆည်းပူးနေရင်းနှင့် စပ်လျဉ်း၍ ၂၁ ရာစု ကမ္ဘာကြီး၌ လူ့ဘဝ တစ်လျှောက်လုံး လေ့လာသင်ယူပွားများရန် (Life Long Learning) တိုက်တွန်းနေခြင်းသည် ယနေ့ ကမ္ဘာသည် "ပညာခေတ်" (Age of knowledge) ကို မျက်မှောက်ပြုနေရခြင်းကြောင့်ပင် ဖြစ်ပါသည်။

ပညာရှာဖွေသင်ကြားရေးနှင့် စပ်လျဉ်း၍ မြန်မာစာပေပညာရှင်ကြီးများက- "အဋ္ဌာရသ၊ သိပ္ပအပြား အတတ်များကို၊ မှတ်သားသတိ၊ ပညာရှိတို့၊ တတ်သိအပ်စု၊ ထိုသိပ္ပကို၊ နှံ့မျှလုံခြုံ၊ မတတ်တုံလည်း၊ တစ်စုံတစ်ခု၊ တတ်အောင်ပြု၍၊ လူမှုကုံအောင်၊ စီးပွားဆောင်လော့" ဟူ၍ လောကသာရပျို့တွင် လည်းကောင်း၊

"စွဲမှတ်ပညာ၊ ဝိဇ္ဇာသိပ္ပ၊ တတ်စွမ်းလာမူ၊ ဓနဥစ္စာ၊ ရတနာကို ရှာလည်း ရလွယ်၊ ပြည့်စုံကြွယ်ဝ" ဟူ၍ သားရွှေဥ ဆုံးမစာတွင် လည်းကောင်း၊

"ပညာချို့တဲ့၊ ကျေးဇူးမဲ့က ဆုတ်သည့်လသို့ မကြာခဏ၊ ရွေ့လျားရာ၏၊ ပညာမြင်မြော်၊ သူတော်အစစ်၊ ဖြစ်လာခဲ့က၊ ဆန်းသစ်လသို့၊ ကြွယ်ဝကုံလုံ၊ ဤလူ့ဘုံ၌၊ လုံးစုံဦးညွှတ်၊ ခမြဲဝပ်လျက်" ဟူ၍ သားရွှေဥ ဆုံးမစာတွင်လည်းကောင်း၊

"မီးရောင်လရောင်၊ နေအရောင် ဥဏ်ရောင်လွှမ်း၍မိုး၊ ပညာသမာ အာဘာနတ္ထိ၊ မြတ်မုနိ ဟောရှိကျမ်းထိုထို" ဟူ၍ သုတရတနာ ဆုံးမစာတွင် လည်းကောင်း၊

"ရန်သူတွေဆဲ၊ စစ်မြေပွဲဝယ်၊ ရဲရင့်သူကို အလွန်လို၏။ ငြိုငြင်ရေးရာ၊ တွေ့သောအခါ၌ ပညာကဝိ၊ အလိုရှိ၏"

*စာမျက်နှာ ၁၇ သို့*

' ကိုလိုနီခေတ်တွင် အမျိုးသားပညာရေးလှုပ်ရှားမှုများမှ တစ်မျိုးသားလုံး လွတ်မြောက်ရေးပန်းတိုင်ကို လက်လှမ်းကိုင်နိုင်ရန် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိကြသည်။ အမိရန်ကုန်တက္ကသိုလ်ကြီးနှင့် ကျောင်းသားခေါင်းဆောင်တို့သည် အမျိုးသားနိုင်ငံရေးကို တာဝန်သိသိ သစ္စာရှိရှိ ထမ်းဆောင်ကြကာ သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့ '

# မကွေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မဖြစ်ပေါ်စေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မပျက် ဆောင်ရွက်

**မကွေး ဒီဇင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ နေ့စဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်အမှာစကား ပြောကြားသည်။



**ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်**

ရှေးဦးစွာ တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ (အိုမီခရွန်) သည် ကူးစက်မှုများ တိုးပွားလာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ (အိုမီခရွန်)သည် ကူးစက်မှုများ ရှိလာသည်ကို တွေ့ရှိရသဖြင့် တိုင်းဒေသကြီးအတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအား ကြိုတင်ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း။

**အောက်ဆီဂျင်စက်များ လည်ပတ်နိုင်ရေး**

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဝင်ရောက်လာသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါစစ်ဆေးရေးကိတ်များမှာ ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိ RDT Test Kit စစ်ဆေးခြင်းများ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ အောက်ဆီဂျင်စက်ရုံများအား အမြဲတမ်း အဆင်သင့်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွန်ရန်လိုအပ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မဖြစ်ပေါ်စေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မပျက် ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ခရိုင်များအလိုက် တာဝန်ပေးအပ်ထားသည့် ကော်မတီဝင်များနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးတို့က ခရိုင်/မြို့နယ်များတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အခြေအနေများ၊ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ထိုးနှံပေးမည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နေ့စဉ်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း။

**လမ်းညွှန်ချက်များ လိုက်နာဆောင်ရွက်**

တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ကိုဗစ်-၁၉ ရာဂါကာကွယ်ရေး အသိပညာပေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများ သိရှိနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု အခြေအနေများအားလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့ချရေးလုပ်ငန်းစဉ်များ ဆက်လက်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များအား အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်သွားကြရန် မှာကြားကြောင်း သိရသည်။

**မောင်ညီညာ**

---

# မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့နှင့် ကျေးရွာအုပ်စု သုံးအုပ်စုမှ ပြည်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**တောင်ပြိုလက်ဝဲ ဒီဇင်ဘာ ၂၀**

မောင်တောခရိုင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦး ဦးဆောင်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးဆန်းအောင်၊ မြို့နယ်ဦးစီးမှူး ဦးကျော်ရှိန်နှင့် ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းက ပန်းခင်းစီမံချက်ဖြင့် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု သုံးအုပ်စုမှ ကျေးရွာ လေးရွာရှိပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တောင်ပြိုလက်ဝဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းအောင်တို့က လှည့်လည်ကြည့်ရှုပြီး (ယာပုံ) တာဝန်ရှိဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့်ဆောင်ရွက်ရာ မီးတိုက်ကျေးရွာအုပ်စု မီးတိုက်ကျေးရွာ၊ သဲချောင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာနှင့် သင်္ဘောလှကျေးရွာ၊ ကွမ်းသီးတောင်ကျေးရွာအုပ်စု နံ့သာတောင်ကျေးရွာတို့မှ လူဦးရေ အမျိုးသား ၁၁၈ ဦးနှင့် အမျိုးသမီး ၁၀၄ ဦး စုစုပေါင်း ၂၂၂ ဦးတို့အား အိမ်ထောင်စုလူဦးရေစာရင်းနှင့် အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးခြင်း၊ မှတ်ပုံတင်လဲလှယ်ပေးခြင်း၊ ပျောက်ဆုံး/ ပျက်စီးသူများကို မိတ္တူပြုလုပ်ပေးခြင်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးခြင်းများကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သိန်းနိုင်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၆ မှ*

"သိပ္ပလျှို့ဝှက်၊ ခဲခက်ရေးရာ တွေ့သောခါမှ ပညာရှိ၏၊ သတ္တိအထူး ဂုဏ်ကျေးဇူးကို ချီးကျူး ပြောပစရာတည်း" ဟူ၍ လောကနီတိပျို့တွင်လည်းကောင်း၊ "သူမြတ်ပဏ္ဍိ၊ ပညာရှိနှင့်၊ မညှိမဆ၊ ပြုသမျှကား၊ မလှစီးပွား၊ ရေနစ်ဆားသို့၊ ပျက်ပြားတတ်စွာ၊ မချမ်းသာဘူး" ဟူ၍ မဃဒေဝ လင်္ကာကျမ်းတွင်လည်းကောင်း ရေးစပ်လမ်းညွှန်ထားသည်မှာ ပညာသင်မောင်မယ်တို့အတွက် အထူးလိုက်နာမှတ်သားဖွယ် ဖြစ်ပါလိမ့်မည်။

**အဓိပတိလမ်းနှင့် ကံ့ကော်တန်းမှ မှာတမ်းလွှာ**

မေတ္တာလမ်းနှင့် သစ္စာပန်းတို့ လန်းဆန်းရာ အဓိပတိလမ်းမကြီးမှ ကံ့ကော်တန်းတစ်လျှောက် ဝဲယာနေရာအသီးသီးနှင့် အင်းလျားလမ်း၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ကံ့ကော်အလှနှင့်ယှဉ်ပြိုင်ကာ စွယ်တော်၊ ခတ္တာ၊ ဇီဇဝါ၊ ပိတောက်ရွှေဝါတို့က နေရာယူလျက်ရှိကြသည်။ စွယ်တော်ရွက်ရယ်က နှစ်လွှာပေါင်းကာမှ တစ်ရွက်ဖြစ်ရသည်မို့ တစ်နှစ်မှာ တစ်ခါသာ ပွင့်ရရှာသည့် ပိတောက်ရွှေဝါတို့၏ ချစ်သစ္စာကို အနီးအနားက ရေတမာက မရောမရာ နေရာလုမည်ဆိုပါက အချစ်သရုပ်ကို သစ်ပုတ်ပင်ကြီးက သက်တော်ရှည်ပြီမို့ အမျက်တော်ရှနေမည်လားမသိ။

**ကံ့ကော်တောက ချော့နှမသို့**

"ရွှေကံ့ကော် ဇမ္ဗူလုံးမှာဖြင့်
ယူကျုံးလို့ မွှေးရနံ့ဖြာ
ယှဉ်မဆုံးနိုင်ဘု
ပင်လုံးကုန် ခိုင်ညှာတံမှာတော့
နံ့သာကျန် အဝါရောင်နှောပါလို့
ယှဉ်တစ်မူ မြင်သူမော လောက်ပါဘိ
အော် အမိရယ်
ယခုဘဝမယ်
အနုအလှ အယုအယရယ်နဲ့
သမုဒယပန်းကို လှမ်းဆွတ်ချင်စမ်း"

ဟူ၍ ကဗျာဖွဲ့ကာ စာနွဲ့ကာနှင့် ကဗျာသီကုံး စာပန်းချီမွမ်းကြသည့် ပညာသင်လုလင်ပျိုများလည်း ရှိကြရော့မည်။

**ရင်ထဲက ပိတောက် ကဗျာ**

xxx တစ်နှစ်တွင် တစ်လပေပ
တစ်လတွင် တစ်ရက်ထဲ
ခက်ခဲတဲ့ ရက်မကြာ
ပွင့်ရှာကြ ပိတောက်ပန်း
မြကေခိုင် ကေသာဦးမှာ
သူခူးကာ ပန်ပေးမည်ထင်
အလှတွင် အယဉ်ဆင့်လို့
အသွင်တင်မည့် ဂုဏ်အင်
ရင်ထဲတွင် တိတ်တခိုးရယ်မို့
စိုးထိတ်မိတယ်လေး xxx

ဟူ၍ မရေရာသော ဝေဒနာများထဲမှ လှမှူးသခင်၊ ကံ့ကော်တောက ချော့နှမများ၏ အသည်းနှလုံး ပုလဲကုံးသဖွယ် မှုန်းသီစာဖွဲ့ ကဗျာအလှ စာအလှများကို ဖတ်ရှုခွင့်ရသူများလည်း ရှိကြရော့မည်။

သို့ကလို ကံ့ကော်တန်းဝယ် သမုဒယလမ်းသို့ တူပြိုင်လျှောက်လှမ်းမိကြသည့် ပညာသင် မောင်မယ်တို့သည် တစ်နှစ်မှာ တစ်ခါသာ ချစ်ရှာနိုင်သည့် ပန်းပိတောက်၏ သစ္စာတရားကို အားကျရမည်သာ။ သို့မဟုတ်ပါက အချစ်သည် မပီပြင်ပါလျှင် သစ်ပုတ်ပင်ကြီး၏ ကျိန်စာသင့်လေမည်လား၊ အင်းလျားကန်သာထဲတွင် ရုပ်တိုက်ပြေးလွှားဆော့ကစားနေကြသော ရေလှိုင်းငယ်ကလေးများက မျက်ရည်စနှင့် သက်သေပြနေကြမည်လား။

ကိုလိုနီခေတ်တွင် အမျိုးသားပညာရေးလှုပ်ရှားမှုများမှ တစ်မျိုးသားလုံးလွတ်မြောက်ရေး ပန်းတိုင်ကို လက်လှမ်းကိုင်နိုင်ရန် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှိကြသည်။ အမိရန်ကုန်တက္ကသိုလ်ကြီးနှင့် ကျောင်းသားခေါင်းဆောင်တို့သည် အမျိုးသားနိုင်ငံရေးကို တာဝန်သိသိ သစ္စာရှိရှိ ထမ်းဆောင်ကြကာ သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့ကြသည်။

မျက်မှောက်ခေတ် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်တွင် ပညာရေးနယ်ပယ်အသီးသီးမှ ပညာသင်မောင်မယ်အားလုံးတို့သည် (၁) စာရိတ္တဗလ၊ (၂) ဉာဏဗလ၊ (၃) ကာယဗလ၊ (၄) မိတ္တဗလ၊ (၅) ဘောဂဗလ ဟူသော ဗလငါးတန်နှင့် ပြည့်စုံအောင် အတတ်နိုင်ဆုံး ရိုးသားနိုးကြားစွာ ကြိုးစားကာ ငြိမ်းချမ်းစွာ ပညာသင်ကြားကြပြီး ပညာသင်များဘဝမှ ပညာရှင်များဘဝသို့ လည်းကောင်း၊ တိုင်းကျိုးပြည်ပြု ခေါင်းဆောင်များ (Statesman)၊ တော်ဝင်ပညာရှင်များ (Academician)အဖြစ်သို့ လည်းကောင်း မိမိတို့ပညာဖြင့် မိမိတို့ဘဝကို ရပ်တည်နိုင်ရေးဟူသော ရည်ရွယ်ချက်များ အောင်မြင်အောင် ကြိုးပမ်းဖော်ဆောင်နိုင်ကြပါစေဟု စေတနာဆန္ဒပြုအပ်သတည်း။

# ကချင်ပြည်နယ်အစိုးရအဖွဲ့ မိသားစုများ၏ ခရစ္စမတ်ပွဲတော်နှင့် ဝတ်ပြုဆုတောင်းပွဲကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၀**

ကချင်ပြည်နယ်အစိုးရအဖွဲ့ မိသားစုများ၏ ခရစ္စမတ်ပွဲတော်နှင့် ဝတ်ပြုဆုတောင်းပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ခရစ္စမတ်ပွဲတော်တွင် ပြည်နယ်ဝန်ကြီးချုပ်က ခရစ်တော်၏ မွေးနေ့ကာလ၌ ယခုလို မိမိတို့အစိုးရအဖွဲ့၏ မိသားစုဝင်များဖြစ်ကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် အတူ ခရစ္စမတ်ပွဲတော် ကျင်းပပြုလုပ်ခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(ယာပုံ)**




ထို့နောက် ခရစ္စမတ်ပွဲတော် အထိမ်းအမှတ် ဝတ်ပြုဆုတောင်းခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပကြပြီး သဘာပတိအဖြစ် သိက္ခာတော်ရဆရာတော် ဟောင်းခေါင်က ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်အတွက် အဖွင့်ဆုတောင်း ဆက်ကပ်ပေးပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ခရစ္စမတ်သံစုံနှင့် ခရစ္စမတ်ဓမ္မသံချပ်ဖြင့် သံစုံကျူးခြင်း၊ သိက္ခာတော်ရဆရာတော် ဇုန်းချန်း က ခရစ္စမတ်ဒေသနာတော်ဟောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သိက္ခာတော်ရ ဆရာတော်များနှင့် ကက်သလစ်ဘုန်းတော်ကြီးတို့အား ခရစ္စမတ်လက်ဆောင်များ ပေးအပ်လှူဒါန်းခဲ့ပြီး ဓမ္မတေးသီချင်းဖြင့် သီဆိုဆက်ကပ်ကြကာ သိက္ခာတော်ရဆရာတော်ဇုန်းချန်းက ကောင်းချီးတောင်းခံ ဆုတောင်းဆက်ကပ်ပေးခဲ့သည်။ ယင်းနောက် ခရစ္စမတ်ပွဲတော် အထိမ်းအမှတ် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားတက္ကသိုလ် အစည်းအဝေးခန်းမဆောင်၌ တက္ကသိုလ်မိသားစုများ၏ ခရစ္စမတ်ပွဲတော် ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ဆပ်ကော်မတီအဖွဲ့ဝင်များ၏ တာဝန်ယူဆောင်ရွက်ကျင်းပမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်မိသားစုများ၏ ခရစ္စမတ်ပွဲတော်ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အမျိုးသား/အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ပုသိမ် ဒီဇင်ဘာ ၂၁

**ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပသော ၂၀၂၁ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အသက် ၂၅ နှစ်နှင့်အောက် အမျိုးသား/ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးသည်။**

အမျိုးသမီးပွဲစဉ် ပထမနေရာလုပွဲတွင် ပုသိမ်မြို့နယ်အသင်းက မြန်အောင်မြို့နယ် အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။ အမျိုးသားပွဲစဉ် ပထမနေရာလုပွဲတွင် ဖျာပုံမြို့နယ်အသင်းက ပုသိမ်မြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။ ယင်းနောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ပုသိမ်မြို့နယ်အသင်းအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးက လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ဖျာပုံမြို့နယ် အသင်းအား အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်က လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရ ပုသိမ်မြို့နယ်အသင်းအား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြည်ကြည်ထွန်းက ပထမဆုဖလားအားလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရ ဖျာပုံမြို့နယ်အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ပထမဆု ဖလားကို လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်သုံးဆင့် ကန်ရေပြင်တွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ရိုးရာလှေလှော် အသင်း၏ မြန်မာ့ရိုးရာလှေလှော် ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်နိုင်ရေး လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အသင်းသားများအား တိုင်းဒေသကြီး ဂုဏ်ဆောင်အားကစားသမားဖြစ်ရေး ကြိုးစားကြရန် မှာကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အဖွဲ့ ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်းအဆင့်မြှင့်တင် ပွဲကြည့်စင်များပါ ထည့်သွင်းတည်ဆောက်မည်

**ဘားအံ ဒီဇင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင် အားကစားကွင်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက် ပြည်ထောင်စုရန်ပုံငွေဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ရာ ဒီဇင်ဘာ ၂၀ ရက်က အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပန္နက်တင်မင်္ဂလာကို အဆိုပါအားကစားကွင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်း အရှေ့ဘက်ပွဲကြည့်စင် (၄၄၀ x ၃၅) ပေ ကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အနောက်ဘက်ပွဲကြည့်စင် (၄၈၀x ၆၀) ပေ ကိုလည်းကောင်း မင်္ဂလာပန္နက်ရိုက်ပေးကြသည်။

အဆိုပါ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် အရှေ့ဘက်ပွဲကြည့်စင် (၄၄၀ x ၃၅) ပေကို ထူးနေအောင် ကုမ္ပဏီက လည်းကောင်း၊ အနောက်ဘက်ပွဲကြည့်စင် (၄၈၀ x ၆၀) ပေကို အဆောက်အဦ ဦးစီးဌာနကလည်းကောင်း၊ တောင်ဘက်ပွဲကြည့်စင် (၂၈၀ x ၃၅) ပေကို ဖူးပွင့်သစ်ကုမ္ပဏီက လည်းကောင်း၊ မြောက်ဘက်ပွဲကြည့်စင် (၂၈၀ x ၃၅) ပေကို 3K Star Power ကုမ္ပဏီကလည်းကောင်း၊ Synthetic ပြေးလမ်း မီတာ ၄၀၀ ကို မာန်မြင့်ဟိန်း ကုမ္ပဏီကလည်းကောင်း တာဝန်ယူတည်ဆောက်မည်ဖြစ်ကာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး မှာကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဆူဇူကီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ဆီမီးဖိုင်နယ် ပွဲစဉ်များကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမအကျော့အဖြစ် ဒီဇင်ဘာ ၂၂ ရက်တွင် အိမ်ရှင်စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၂၃ ရက်တွင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်း၊ ဒုတိယအကျော့အဖြစ် ဒီဇင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် စင်ကာပူအသင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များမှာ ဒီဇင်ဘာ ၁၉ ရက်က ပြီးဆုံးသွားပြီး အုပ်စု (က) ၌ ထိုင်းအသင်းက ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ အိမ်ရှင်စင်ကာပူ အသင်းက ရမှတ် ကိုးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (ခ) ၌ အင်ဒိုနီးရှားအသင်းက ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ အုပ်စု (က) ပထမနေရာအတွက် အဆုံးအဖြတ်ပွဲတွင် ထိုင်းအသင်းက အိမ်ရှင်စင်ကာပူကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ယင်းအုပ်စုတွင် ခြောက်မှတ်ရသည့် ဖိလစ်ပိုင်အသင်း၊ သုံးမှတ်ရသည့် မြန်မာနှင့် လေးပွဲစလုံးရှုံးသည့် တီမောအသင်းတို့မှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စု (ခ) တွင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်အသင်းတို့ ရမှတ်၊ ဂိုးကွာခြားချက် တူညီနေသော်လည်း အင်ဒိုနီးရှားအသင်းက သွင်းဂိုးအရေအတွက်သာသဖြင့် အုပ်စုပထမနေရာရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ အုပ်စု (ခ) တွင် ခြောက်မှတ်ရသည့် မလေးရှား၊ သုံးမှတ်ရသည့် ကမ္ဘောဒီးယားနှင့် လေးပွဲစလုံးရှုံးသည့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုလေးပွဲကစားရာတွင် နိုင်ပွဲတစ်ပွဲသာရပြီး သုံးပွဲရှုံးနိမ့်ကာ ရမှတ်သုံးမှတ်ဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။

**ရဲရင့်လွင်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း (ဆူမားတြားမြောက်ပိုင်းကမ်းလွန်) တွင် ဆက်လက်တည်ရှိနေသည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁၂-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** ဗေဒ္ဒသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အနန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** သာလီစွပ်ပါမြို့မြောက်ဦး
**၀၉:၁၅** ထူးခြားစုံလင်အာရုံစိဖိတ်အစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** အပန်းပြေလိုစိတ်ရှင်လန်း ဗိုးကျားဆင်စခန်း
**၁၁:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ငါသာလျှင်'
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'အင်္ဂလိပ်စာဘာသာရပ်'
**၁၆:၃၅** နောင်အင်းလေးရဲ့ မိုင်းသောက်တံတားလေးဆီသို့
**၁၇:၁၀** ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး
**၁၇:၃၅** မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် (အပိုင်း-၅)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ၂၀၁၃ ဆီးဂိမ်းအမှတ်တရအစီအစဉ် (ဖိတ်ပွဲအခမ်းအနား) (ယဉ်ကျေးမှုအကပျော်ဖြေမှု)
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါး အချစ်ချိုချို' (အပိုင်း-၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၇)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Syria Pavilion at Expo 2020 Dubai
**07:33** Shwin Lan Chan Myae Par Zay (Thae Nu Wah)
**07:39** Moyingyi Wildlife Sanctuary
**08:01** Xylophone's Home
**08:22** Traditional Thatch Roof - Thet Nge
**08:37** Daytamotbarat Sasana Land
**09:01** The Beauty In The North Of Myanmar
**09:18** Aesthetic Painting on Pathein Umbrella
**09:31** Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song 'Blessing'
**09:36** Healthy Diet: Fasting Diet
**09:43** Village Belle

**MRTV NRC**

**ပအိုဝ်းကချင် (၀၆:၀၀ မှ ၀၇:၀၀)** မုန့်ဖိုင်းတောင့်လုပ်စားရအောင်
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ကျို (အပိုင်း-၃)
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** စားလိုကောင်းတဲ့သပြူသီးတာလပေါ်ဟင်းလျာ
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** သင်မယ်၊ ရေးမယ်တို့ချင်းစာ (အပိုင်း-၂၁)
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)** ဝိတိုရိယတောင် (ခေါ်) ခေါနူးစုမ်
**မွန် (၁၁:၀၀ မှ ၁၃:၀၀)** အတောင် (၄၀၀) ပြည့်ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရား
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** အဆင်တူချည်တူမှည်မျှတဲ့သည်ပေတ္တာ (ရခိုင်သမက်တက်ပွဲ)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာ့ရိုးရာအိမ်ကလေး
**ဝ (၁၇:၀၀ မှ ၁၉:၀၀)** ဝညီနောင်တို့ရဲ့ သီးခြားကမ္ဘာလေးဆီသို့
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)** ကချင်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
**ကယား (၂၁:၀၀ မှ ၂၃:၀၀)** သွားကိုက်ပျောက်စေတဲ့နည်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လှချင်းအတူတူ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (သီရိလင်္ကာနိုင်ငံ) (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# သဇင် FM မှ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ "CDM ခေါင်းစဉ်အောက်က ဘ၀အာမခံချက် ပျောက်ဆုံးနေကြသူများ" ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင်လည်း "ပြည်သူအပေါ် မဟုတ်မမှန် ဝါဒဖြန့် သွေးထိုးလှုံ့ဆော်နေသော ပြည်ဖျက်မီဒီယာများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ရာ ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် အင်္ဂါနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ဒီဇင်ဘာ ၂၀ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ငါးမျိုး၊ စုစုပေါင်း ၂၈၀၆၄ ဒသမ ၂၀ Kg ၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်) တွင် ကုမ္ပဏီငါးခုတို့မှ Oxygen Liquid Storage Container သုံးခု၊ Oxygen Liquid Distributor တစ်ခု၊ Pal Diclo Injection ၁၈၅၅၂ ခု၊ Glucose And Sodium Chloride Injection ၃၀၀၀ ၊ Disposable Face Mask ၁၉၀၀၀ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၇၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၆၀/၁၂၉၀ ကျပ် | ၁၂၉၀/၁၃၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၇၀/၁၃၀၀ ကျပ် | ၁၃၀၅/၁၃၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၈၅/၁၃၁၅ ကျပ် | ၁၃၄၀/၁၃၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၃၅/၁၃၆၅ ကျပ် | ၁၄၄၅/၁၄၅၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၁ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၉ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၉၅၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၇ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၈၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ . ၈၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၂၇ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၃၀၀ | ၈၄၀၀ | ၁၁၆ | ၉၇၃၈၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၄၁ | ၁၂၇၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၅၀ | ၁၂၇၅၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၅၀ | ၅၁၄၇၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု ဓာတ်အားလိုင်းပြင်ပစနစ် ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသည့်မူဝါဒရေးရာ

ခန့်ဇော်(ကျေးလက်)

ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု ဓာတ်အားလိုင်းပြင်ပစနစ် ဖွံ့ဖြိုးရေးအတွက် မူဝါဒရေးရာ ဆွေးနွေးခြင်းအစီအစဉ်တွင် ပြန်ပြည့်မြဲစွမ်းအင်မူဝါဒ (Renewable Energy Policy)နှင့် ပတ်သက်၍ ဆွေးနွေးကြည့်သည့်အခါ "မူဝါဒတွေ၊ ဥပဒေတွေက ရေးတော့ ရေးဆွဲနေတယ်။ ဒါပေမယ့် မူကြမ်းအဆင့်မှာတင် ရပ်... ရပ်သွားပြီး တရားဝင်ထုတ်ပြန် ချပြတာတွေမရှိတော့ ကျွန်တော်တို့အတွက်က ဘာအကျိုးသက်ရောက်မှုမှ မရှိသလို ဖြစ်နေတယ်"ဟု စွမ်းအင်ဖွံ့ဖြိုးရေးဆောင်ရွက်သူ လုပ်ငန်းရှင်(Developer)တစ်ဦးက ဆိုသည်။ မှန်သည်။ စွမ်းအင်မူဝါဒ၊ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ဥပဒေစသည်... စသည်တို့မှာ ယနေ့အချိန်အထိ မူကြမ်းအဆင့်တွင်သာ ရှိနေသည်။




**မြန်မာနိုင်ငံ၏စွမ်းအင်မူဝါဒ(မူကြမ်း)များ အကြောင်း တစေ့တစောင်း**

၂၀၁၄ ခုနှစ် ဝန်းကျင်တွင် စွမ်းအင်မူဝါဒ (မူကြမ်း) စတင်ရေးဆွဲခဲ့ကြောင်းတွေ့ရပြီး အဓိကအားဖြင့် မူဝါဒ(၉)ချက်ထားရှိသည်ကို တွေ့ရသည်-

၁။ မြန်မာနိုင်ငံတွင် လက်တွေ့အသုံးပြုရန် အလားအလာကောင်းသော စွမ်းအင်သယံဇာတ အရင်းအမြစ်များကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်သက်ရောက်မှု အနည်းဆုံးဖြင့် သိပ္ပံနည်းကျ လက်တွေ့ရှာဖွေဖော်ထုတ်အသုံးပြုရန်နှင့် စနစ်တကျ လေ့လာသိရှိသော ခိုင်မာသည့်အချက်အလက်များကို အခြေခံပြီး တိုင်းပြည်၏ ရေတို၊ ရေရှည် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစိတ်စီမံချက် ချမှတ်ဆောင်ရွက်ရန်၊

၂။ မြန်မာနိုင်ငံတွင် လက်ရှိဖွဲ့စည်းဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံပိုင်စွမ်းအင်လုပ်ငန်းအဖွဲ့အစည်းများကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ သုံးသပ်ပြီး ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ဆောင်ရွက်လာနိုင်မှု စွမ်းရည်မြှင့်တင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍ (100% FDI၊ Joint FDI၊ International IPP၊ Local IPP/SPP/VSPP) မှ အဓိက ဆောင်ရွက်နိုင်စေရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်၊

၃။ စွမ်းအင်ကဏ္ဍအသီးသီး၏ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်ဖြည့်ဆည်းနိုင်မှု ပမာဏအမှန် ကိန်းဂဏန်းရရှိရေး ဆောင်ရွက်ရန်၊

၄။ ရှာဖွေတွေ့ရှိသည့် စွမ်းအင်သယံဇာတများကို ထွက်ရှိရာဒေသအပါအဝင် ပြည်သူလူထု တစ်ရပ်လုံး အချိုးကျရရှိသုံးစွဲမှု ဖြစ်စေရေး ဆောင်ရွက်ရန်၊

၅။ မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Energy Development)အတွက် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သော လေ၊ နေ၊ ရေအား၊ ဘူမိအပူစွမ်းအင်နှင့် ဇီဝစွမ်းအင်စသည့် Renewable Energy အမျိုးအစားများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

၆။ စွမ်းအင်အသုံးပြုမှု စွမ်းရည်တိုးမြှင့်လာစေရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေးတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

၇။ စွမ်းအင်ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်အတွက် သုတေသနနှင့် ဖွံ့ဖြိုးရေး၊ ဒီဇိုင်း၊ ထုတ်လုပ်ရေးနှင့် အတတ်ပညာဖြန့်ဖြူးရေး လုပ်ငန်းများ (Research, Development, Design & Dissemination) တည်ထောင်ဆောင်ရွက်ရန်၊

၈။ စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

၉။ စွမ်းအင်ဈေးနှုန်းများ သတ်မှတ်ရာတွင် စွမ်းအင်ထုတ်လုပ်သူနှင့် စွမ်းအင်သုံးစွဲသူ နှစ်ဦးနှစ်ဖက်စလုံးအတွက် စီးပွားရေးအာမခံချက်ရှိသည့်မူဝါဒများ ချမှတ်ရန်၊

**"လျှပ်စစ်ဓာတ်အားရရှိရေးဟု ဆိုရာတွင် နိုင်ငံ၏ ရေမြေအနေအထားအရ မဟာဓာတ်အားလိုင်း (On- Grid)အပေါ်ကိုချည်း အားပြုနေ၍မရ။ ဗဟိုချုပ်ကိုင်မှုစနစ် (Centralized System) ဖြင့် သွားချင်၍မရ။ မြစ်ခြားချောင်းခြား ကျွန်းရွာများအတွက်သော်လည်းကောင်း၊ ဝေးလံခေါင်ဖျားဒေသများအတွက်သော်လည်းကောင်း Off - Grid ခေါ် ဓာတ်အားလိုင်းပြင်ပစနစ်၊ တစ်နည်းဆိုရသော် နယ်မြေဖြန့်ခွဲဓာတ်အားပေး စနစ် (Decentralized System)ကို တွန်းအားပေးသည့် မူဝါဒမျိုး ထည့်သွင်းစဉ်းစားရန် လိုပေသည်။ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဖော်ပြသည့်နေရာတွင် သုံးစွဲမည့် အရင်းအမြစ် သာမက ဆောင်ရွက်ရမည့်နည်းလမ်းကိုပါ မူဝါဒအနေဖြင့် ထည့်သွင်းဖော်ပြသင့်ပေသည်"**

တစ်ခါ ၂၀၁၈ ခုနှစ်ဝန်းကျင်တွင်မူ ထိုမူဝါဒ (မူကြမ်း)ကိုပင် ပြန်လည် ပြင်ဆင်ရေးဆွဲခဲ့ပြန်သည်။ သည်တစ်ကြိမ်တွင်မူ အဓိကအနေဖြင့် မူဝါဒပိုင်း၌ ၁၃ ချက်အထိ တိုးချဲ့ခဲ့ပြီး လျှပ်စစ်စွမ်းအင်ပိုင်းကို ပို၍ဦးစားပေးလာသည်ကို တွေ့ရသည်။

နိုင်ငံတကာလျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ မူဝါဒတွေကို လေ့လာပြီး ဓာတ်အားနှုန်းထားများ သတ်မှတ်ရန်၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာစံနှုန်း သတ်မှတ်ချက်များချမှတ်ရန်စသည်တို့ ပါဝင်လာသည်ကိုတွေ့ရသည်။ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍအနေဖြင့်မူ ထူးထူးခြားခြား ပြောင်းလဲပြင်ဆင်ထားခြင်း မရှိလှပေ။ အထူးသဖြင့် စွမ်းအင်မူဝါဒပိုင်းတွင် ဓာတ်အားလိုင်းပြင်ပစနစ်(Off–Grid) နှင့် စပ်လျဉ်းသည့် မူဝါဒတစ်စုံတစ်ရာ ထည့်သွင်းဖော်ပြထားသည်ကို မတွေ့ရပေ။

လေ့လာမှုများအရ မူဝါဒတစ်ခုရေးဆွဲရာတွင် အချက်အလက် အထောက်အထားများအပေါ် အခြေခံခြင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်ခြေရှိမှုအပေါ်အခြေခံခြင်းနှင့် ထိရောက်နိုင်ခြေရှိမှုအပေါ်အခြေခံခြင်းစသည့် အခြေခံမှု (၃)ရပ်အပေါ် အဓိကထား စဉ်းစားရသည်ဟု သိမှတ်ခဲ့ရဖူးသည်။

သို့ဆိုလျှင် စွမ်းအင်မူဝါဒရေးဆွဲရာတွင် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်၍ ထည့်သွင်းရေးဆွဲသည့်အခါ မြေပြင်လက်တွေ့အကောင်အထည်ဖော်နိုင်ခြေရှိမှုအပေါ် အခြေပြုစဉ်းစားရပေမည်။ လျှပ်စစ်ဓာတ်အားရရှိရေးဟု ဆိုရာတွင် နိုင်ငံ၏ ရေမြေအနေအထားအရ မဟာဓာတ်အားလိုင်း (On– Grid)အပေါ်ကိုချည်း အားပြုနေ၍မရ။ ဗဟိုချုပ်ကိုင်မှုစနစ် (Centralized System) ဖြင့် သွားချင်၍မရ။ မြစ်ခြားချောင်းခြား ကျွန်းရွာများအတွက်သော်လည်းကောင်း၊ ဝေးလံခေါင်ဖျားဒေသများအတွက် သော်လည်းကောင်း Off–Grid ခေါ် ဓာတ်အားလိုင်းပြင်ပစနစ်၊ တစ်နည်းဆိုရသော် နယ်မြေဖြန့်ခွဲဓာတ်အားပေးစနစ် (Decentralized System)ကို တွန်းအားပေးသည့် မူဝါဒမျိုး ထည့်သွင်းစဉ်းစားရန် လိုပေသည်။ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဖော်ပြသည့်နေရာတွင် သုံးစွဲမည့် အရင်းအမြစ် သာမက ဆောင်ရွက်ရမည့်နည်းလမ်းကိုပါ မူဝါဒအနေဖြင့် ထည့်သွင်းဖော်ပြသင့်ပေသည်။

**စွမ်းအင်မူဝါဒပိုင်းတွင် လျှပ်စစ်စွမ်းအင်ကဏ္ဍအနေဖြင့် ဒေသတွင်းစွမ်းအင်ရင်းမြစ်များကို သုံးစွဲ၍ ဒေသအလိုက် သီးခြားဓာတ်အားပေးစနစ်/ Off–Grid စနစ်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရေးကို မူဝါဒတစ်ရပ်အနေဖြင့် ထည့်သွင်းရေးဆွဲသင့်ပြီး လျင်လျင်မြန်မြန်လည်း အတည်ပြုချမှတ်သင့်သည်။**

**ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာဥပဒေ (မူကြမ်း)ထွက်ရှိလာသည့်အပေါ် လေ့လာမိသမျှ**

မူဝါဒအပိုင်း၌ မူကြမ်းအဆင့်တွင်သာ ရပ်တန့်နေသဖြင့် အားမလို အားမရဖြစ်ရသမျှသည် အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ (NREC) ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း ရေးဆွဲခဲ့သည့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာဥပဒေ(မူကြမ်း) (Draft Renewable Energy Law– RE Law) ထွက်ပေါ်လာသည့်အချိန်တွင် အားရကျေနပ်မိရသည်။ မိမိအနေဖြင့် အမျိုးသားအဆင့်ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီမှ တာဝန်ရှိသူများ၊ ပူးပေါင်းဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ပညာရှင်များ၊ RE Law မူကြမ်း ရေးဆွဲနေကြသည့် တာဝန်ရှိသူများ၊ အဘက်ဘက်မှ လေ့လာအကြံပြုပေးကြသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ လက်ရှိတွင် နိုင်ငံတော်အစိုးရကလည်း ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအား အထူးအလေးပေး ဆောင်ရွက်လာသည်ကို တွေ့မြင်ရသည့်အတွက် RE Law မြန်မြန်ဆန်ဆန် အပြီးသတ်၍ အတည်ပြုနိုင်ရေး ဆက်လက်အားထုတ်ပေးကြဖို့ တိုက်တွန်းအပ်ပါသည်။

ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်သည့်အခါ **စွမ်းအင်ထုတ်လုပ်သူရော သုံးစွဲသူအတွက်ပါ အကာအကွယ်ပေးနိုင်ရန်၊ လုပ်ငန်းအရ၊ စီးပွားရေးအရ အာမခံချက်ပေးနိုင်ရန် အရေးကြီးသည်။ သည့်အတွက် မှန်ကန်သည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ ချမှတ်ထားရှိရန် လိုပေသည်။** အထူးသဖြင့် သီးခြားရပ်တည်ရသည့် ဓာတ်အားလိုင်းပြင်ပစနစ် (Off–Grid)အတွက် လုပ်ငန်းအာမခံချက်ပေးနိုင်ရန် လိုသည်။ ဓာတ်အားလိုင်းပြင်ပစနစ်ဖြစ်သည့် အသေးစားဓာတ်အားစနစ် စီမံကိန်းဧရိယာသို့ မဟာဓာတ်အားလိုင်း (National Grid)ရောက်ရှိလာချိန်တွင် Grid နှင့်ချိတ်ဆက် (Grid Interconnection) နိုင်မည်လား၊ သို့တည်းမဟုတ် Grid သို့ ဓာတ်အား ပြန်လည်ရောင်းချနိုင်မည်လားဆိုသည်က မူဝါဒ၊ ဥပဒေသတစ်စုံတစ်ရာမရှိပါဘဲ တိတိကျကျ အဖြေပေး၍ရသည်မဟုတ်။

RE Law (မူကြမ်း) ကို အကြမ်းဖျင်းလေ့လာကြည့်သည့်အခါ On–Grid ရော Off–Grid ကိုပါ ပြည့်ပြည့်ဝဝ လွှမ်းခြုံထားသည်ကို တွေ့ရသည့်အပြင် Grid Interconnection အတွက်ရော၊ Small Power Producer အဖြစ် ဆောင်ရွက်ခွင့်ပြုရန်မှသည် ပိုလျှံဓာတ်အားကို ပြန်လည်ရောင်းချနိုင်မည့် Surplus Power Tariff အပိုင်း၊ Net Metering အပိုင်းတွေပါ ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရသည်။ Incentives အနေဖြင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ သွင်းကုန်ပစ္စည်းများအပေါ်တွင် အခွန်အခကင်းလွတ်ခွင့်ပေးခြင်း/ လျှော့ပေါ့ပေးခြင်းစသည့် အစီအစဉ်များကိုပါ ထည့်သွင်းရေးဆွဲထားသည့်အတွက် ဤဥပဒေကို အတည်ပြုလိုက်နိုင်လျှင်မူ အသေးစားဓာတ်အားစနစ် (Mini–Grid) လုပ်ငန်းများအတွက် လုပ်ငန်းအာမခံချက်ပြည့်ပြည့်ဝဝ ရရှိသွားမည်ဖြစ်ပြီး

*စာမျက်နှာ ၂၁ သို့*

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေတောင်မြို့နယ်ရှိ နေကြာသီးညှပ်စံပြကွက်နှင့် ပြည်နဝဒေးသကြားစက်ရုံတို့အား ကြည့်ရှုစစ်ဆေး

ပြည် ဒီဇင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒီဇင်ဘာ ၁၉ ရက်က အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်ခရိုင် ရွှေတောင်မြို့နယ် နွားခြံကုန်းကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာ ကွင်းအမှတ်(၄၄၂/၁၅၆)၌ စိုက်ပျိုးထားသည့် တောင်သူ ဦးသန်းမောင်၏ မြေပဲနှင့် နေကြာ သီးညှပ်စိုက်ခင်း ငါးဧကအား သွားရောက်ကြည့်ရှုပြီး(ယာပုံ) တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်သုံးဆီသုံးရေတင်စနစ်အစား နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ် အစားထိုးသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် ရွှေတောင်မြို့နယ်၊ ကျီးသဲမြို့ရှိ ခင်မြဝေ ရက်ကန်းရုံသို့သွားရောက်၍ ကျီးသဲစည်းလုံချည်နှင့် လုံချည်များ တစ်နိုင်တစ်ပိုင် ရက်လုပ်နေမှုအနေများကိုကြည့်ရှုပြီး ဒေသတွင်းထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ်ရှိ နဝဒေးသကြားစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်းလှည့်လည်ကြည့်ရှုကာ ဒုတိယစက်ရုံမှူးဒေါ်နီနီမော်က စက်ရုံလည်ပတ်မှု၊ စက်ရုံအဆင့်မြှင့်တင်ထားရှိမှု၊ ကုန်ကြမ်းဝယ်ယူရရှိမှုနှင့် အနာဂတ်တွင်စက်ရုံအား အဆင့်မြှင့်တင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နဝင်းတံတားအနီး ရေဝတီမြစ်ရေကျချိန်တွင် နဝင်းချောင်းမှ ရေတိုက်စားခြင်းခံရသော နဝင်းတံတားချဉ်းကပ်လမ်းအား လမ်းတာပေါင်မြေသားပြုပြင်ခြင်းလုပ်ငန်းကို သွားရောက် ကြည့်ရှုရာ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရေးနှင့် နှစ်စဉ်ချောင်းရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ပြည်မြို့ မဟာသုဒဿရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သေဋ္ဌိလနှင့် မင်းကျောင်းကျောင်းတိုက်၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက် ဆရာတော်တို့အား သွားရောက်ဖူးမြော်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---

*စာမျက်နှာ ၂၀ မှ*

ခံစားခွင့်ရပိုင်ခွင့်များပါ ပိုမိုရရှိသွားမည်ဟု ယူဆမိသည်။

**ဥပဒေ(မူကြမ်း)တွင်ပါဝင်လာသည့် အသေးစား ဓာတ်အားထုတ်လုပ်သူများအတွက် အခွင့်အလမ်း**

5MW အောက် ဓာတ်အားထုတ်လုပ်သူများသည် အသေးစားဓာတ်အားထုတ်လုပ်သူ (Small Power Producer– SPP) အဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး 30 KW အောက်ဖြစ်မည်ဆိုလျှင် VSPP–Very Small Power Producer အနေဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ သုံးစွဲမည့် အင်ဗာတာ၊ Generator စသည် တို့အတွက် IEC Standards စံနှုန်းများ သတ်မှတ်ပြီးသား ပါဝင်လာနိုင်မည်ဖြစ်၍ စံချိန်စံညွှန်းနှင့် စံနှုန်းများ တစ်သမတ်တည်း ဖြစ်သွားမည်ဖြစ်ပြီး Grid Interconnection အတွက် ပို၍အဆင်ပြေစေမည်ဖြစ်သည်။ လက်ရှိမူကြမ်းတွင် Grid Interconnection ပိုင်းကို အတော်လေး ပြည့်ပြည့်စုံစုံဖော်ပြထားသည်ကို တွေ့ရသည့်အပြင် Grid မရောက်မီကာလတွင် Mini–Grid လုပ်ငန်းများအနေဖြင့် Small Power Producer များအဖြစ် သီးခြားရပ်တည်နိုင်ပြီး ဓာတ်အားရောင်းချမည်ဆိုပါက Power Purchase Agreement (PPA) ချုပ်ဆို ဆောင်ရွက်နိုင်မည်ဖြစ်သည်ကို တွေ့ရသည် ။ Grid ရောက်မည်ဆိုပါကလည်း Grid မရောက်မီ ခြောက်လကြိုတင်၍ မူလ PPA ကို ဖျက်သိမ်းကာ Grid Interconnection ပြုလုပ်ရန် PPA အသစ် ပြန်လည်ချုပ်ဆိုနိုင်မည်ဖြစ်ပြီး ၁၅ နှစ်အထိ ချုပ်ဆိုခွင့်ရှိမည်ဖြစ်သည်။ Inter–connection စံနှုန်းများနှင့် ကိုက်ညီစေရန်မူ ဓာတ်အားရောင်းချသူဘက်မှ ဆောင်ရွက်ပေးရမည် ဖြစ်ပေသည်။

ဤဥပဒေမူကြမ်းကိုမူ ပြန်ပြည့်မြဲစွမ်းအင်ဖွံ့ဖြိုးရေးဆောင်ရွက်သူ (Developer) တိုင်းက ဝမ်းပန်းတသာ ကြိုဆိုသည်ကို တွေ့ရသည်။

**“RE Law အတည်ပြုခဲ့ရင်တော့ ကျွန်တော်တို့အတွက် အတော်လေး လုပ်သာကိုင်သာရှိသွားမယ်၊ လုပ်ငန်းအာမခံချက်လည်း ရှိလာမယ်။ ကျွန်တော်တို့ ထည့်စဉ်းစားရမှာက Grid ကို ပြန်ရောင်းရမယ့် ဓာတ်အားခနှုန်းထားကိစ္စလေးပါပဲ။ လက်ရှိမူကြမ်းမှာ ထည့်သွင်းထားတဲ့ ပိုလျှံဓာတ်အားပြန်လည်ရောင်းချတဲ့နှုန်းထား (Surplus Tariff Rate) တွက်ချက်မှုကိုတော့ မြေပြင်အခြေအနေနဲ့ ကိုက်ညီအောင် ပြန်ချိန်ညှိဖို့လိုမယ်လို့ ထင်မိပါတယ်”** ဟု လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

**ပြန်ပြည့်မြဲစွမ်းအင်ဖွံ့ဖြိုးရေးဆောင်ရွက်သူများ ရင်ဆိုင်ကြုံတွေ့ရသည့် အကန့်အသတ်၊ အခက်အခဲများ**

ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု ဓာတ်အားလိုင်းပြင်ပစနစ် ဆောင်ရွက်ကြရာတွင် လက်ရှိရင်ဆိုင်နေကြရသည့် အကန့်အသတ်၊ အခက်အခဲများနှင့် ပတ်သက်၍ တီးခေါက်ကြည့်ရာတွင်မူ **“အနည်းဆုံး ၈၀ ရာခိုင်နှုန်းလောက်က ပြည်ပက တင်သွင်းရတာ ဖြစ်နေတော့ ခုလက်ရှိ ငွေလဲနှုန်းအတက်အကျမတည်ငြိမ်တာ။ ဗဟိုဘဏ်ပေါက်ဈေးနဲ့ ပြင်ပငွေလဲနှုန်း ကွာဟချက်ကြီးမားတာတွေက အဓိကရင်ဆိုင်နေရတဲ့ ပြဿနာပေ့ါဗျာ။ ဒီ RE Law အတည်ပြုလိုက်နိုင်ပြီး အခွန်ကင်းလွတ်ခွင့်တွေရှိလာမယ်၊ RE Policy မှာလည်း Incentive ပိုင်းကိုပါ မူဝါဒအနေနဲ့ ထည့်သွင်းရေးဆွဲပေးပြီး RE Policy အရရော ကိုဗစ်ကာလထိခိုက်မှုတွေကို ကုစားတဲ့အနေနဲ့ပါ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ပစ္စည်းတင်သွင်းမှုတွေနဲ့ ပတ်သက်ပြီး စွမ်းအင်ဖွံ့ဖြိုးရေးလုပ်တဲ့ကုမ္ပဏီတွေကို Incentive ပေးတဲ့အနေနဲ့ ဗဟိုဘဏ်ပေါက်ဈေးနဲ့ ဒေါ်လာဝယ်ခွင့်ပြုမယ်ဆိုရင် ဒီပြဿနာတွေက ဖြေရှင်းပြီး ဖြစ်သွားမှာပါ။ လက်ရှိမှာတော့ ကျွန်တော်တို့က ကိုယ့်တိုင်းပြည် ဖွံ့ဖြိုးရေးအတွက်ဆိုတဲ့စိတ်နဲ့ပဲ ဒီနေ့ထိ တောင့်ခံပြီး လုပ်ငန်းတွေ ဆက်လုပ်နေပါတယ်”** ဟုဆိုသည်။

**မှန်ပေသည်။ REနယ်ပယ်တွင် တောင့်ခံနိုင်ဖို့ဆိုသည်က တော်ရုံစိတ်ဓာ၊ ဖွဲ့နပဲ၊ တော်တန်ရုံစိတ်စေတနာ၊ ဝါသနာဖြင့် ရသည်မဟုတ်။ နိုင်ငံအပေါ်ထားသည့် စေတနာရော၊ ဝါသနာ သာမကအနစ်နာခံနိုင်မှု၊ အခက်အခဲ အကျပ်အတည်း ရင်ဆိုင်နိုင်စွမ်းတို့ဖြင့် ရုန်းကန်ရှင်သန်ကြရခြင်းဖြစ်ပေသည်။ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ ခိုင်ခိုင်မာမာ မရှိသေးမီကာလတွင် လုပ်ကိုင်ကြရသည်က အမှောင်ထဲ စမ်းတဝါးဝါး သွားရသည်နှင့် အလားသဏ္ဍာန်တူသည်။ ကျောထောက်နောက်ခံပြုစရာ၊ ကိုးကားထောက်ပြစရာဟူ၍ မရှိ၊ လုပ်ငန်းအာမခံချက် မရှိ၊ ဒီအနေအထားတွင် ရုန်းကန်ကြိုးစားပေးနေသူ၊ ဖွံ့ဖြိုးရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပါဝင်ပေးနေသူအားလုံးကို ကျေးဇူးတင်မိသည်။**

ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးဖို့ဆိုသည်က မူဝါဒ၊ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှု၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတို့အပေါ် တည်မှီခြင်းဖြစ်ပြီး ထိုသူတို့ကို ဖိတ်ခေါ်နိုင်ရန်အတွက်မူ တိကျခိုင်မာသည့် မူဝါဒ၊ ဥပဒေများ ချမှတ်ထားရှိနိုင်မှုပေါ်တွင် တည်သည်။ နှစ်လရှည်ကြာ ကြန့်ကြာနေခဲ့ရသည့် မူကြမ်းများကို လျင်လျင်မြန်မြန် အပြီးသတ်ရေးဆွဲချမှတ်နိုင်ခဲ့မည်ဆိုလျှင်မူ ကြုံတွေ့နေရသည့် အကန့်အသတ်အတားအဆီး အတော်များများကို ကျော်လွှားပြီးဖြစ်သွားပေလိမ့်မည်။

**အာဆီယံ၏ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ မျှော်မှန်းချက်( ASEAN Renewable Energy Target)**

တစ်ဖက်တွင်လည်း အာဆီယံဒေသတွင်းဆိုင်ရာ ၂၀၂၅ ခုနှစ် မျှော်မှန်းချက်ဖြစ်သည့် ပြန်ပြည့်မြဲစွမ်းအင် အသုံးပြု Installed Capacity ၃၅ ရာခိုင်နှုန်းခန့် ဖြစ်စေရေးပန်းတိုင် (Target) အရ မြန်မာနိုင်ငံအနေဖြင့် အကြီးစားရေအားလျှပ်စစ်ထုတ်လုပ်မှုမပါဝင်စေဘဲ ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု Installed Capacity (RE Share %) ၂၀ ရာခိုင်နှုန်းခန့်ဖြစ်ရမည်ဟူသည့် ပန်းတိုင်ရှိနေသည်။ မိမိတို့မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံဒေသတွင်း မျှော်မှန်းချက်များအပေါ်တွင်လည်း လိုက်နာဆောင်ရွက်ရမည့်တာဝန်က ရှိသည်။ ၂၀၂၀ ပြည့်နှစ်ကုန်လွန်ချိန်အထိ မြန်မာနိုင်ငံ၏ RE Share ရာခိုင်နှုန်းမှာ ရေအားလျှပ်စစ်အပါအဝင် ၄၉ ဒသမ ၄ ရာခိုင် နှုန်းခန့်ရှိသည်။ ၎င်းတွင် ရေအားလျှပ်စစ်ကို ဖယ်ထုတ်တွက်ချက်မည်ဆိုပါက ပြန်ပြည့်မြဲစွမ်းအင်အနေဖြင့် ဆိုလာစွမ်းအင်တစ်ခုတည်းသာ ပါဝင်ပြီး ၂ ဒသမ ၆ ရာခိုင်နှုန်းခန့်သာ ပါဝင်မှုရှိသည်ကို တွေ့ရသည်။

သို့ဆိုလျှင် ၂၀၂၅ ခုနှစ်တွင် RE Share ၂၀ ရာခိုင်နှုန်းဖြစ်စေရေးမှာ မြန်မာနိုင်ငံအနေဖြင့် အတော်လေး ကြိုးစားရုန်းကန်ရမည့်အနေအထားတွင် ရှိနေသည်။ ထို့ကြောင့် On–Grid ပိုင်း သာမက Off–Grid ပိုင်းမှလည်း တစ်တပ်တစ်အား ပါဝင်ကြိုးစားပေးရန်လိုသည်။ ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု ဓာတ်အားလိုင်းပြင်ပစနစ်(Off–Grid)ဖွံ့ဖြိုးစေရေးအတွက် မည်သည့်ကဏ္ဍများနှင့်ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်သင့်သည်ကို စဉ်းစားရပေမည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သောက်သုံးရေရရှိရေးကဏ္ဍများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် Off–Grid ကဏ္ဍဖွံ့ဖြိုးမှုမှတစ်ဆင့် လူမှုစီးပွားဘဝ (Socio–economic) ဖွံ့ဖြိုးရေးကိုပါ ကျဲကူးရေပါဖန်တီးလုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။

**ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု ဓာတ်အားလိုင်းပြင်ပစနစ် ဖွံ့ဖြိုးရေးအတွက် အကြံပြုချက်**

ဆိုလာစွမ်းအင်အသုံးပြု စိုက်ပျိုးရေရရှိရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများတွင် Pilot အနေဖြင့် ပြည်သူ–ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုစနစ်ကို ကျင့်သုံး၍ တစ်မြို့နယ်တစ်ခု(သို့) တစ်ခရိုင်တစ်ခု ဆောင်ရွက်သင့်ပြီး ထိုသို့ဆောင်ရွက်ရာတွင် မူဝါဒပိုင်း၊ နည်းပညာပိုင်းနှင့် စီမံခန့်ခွဲမှုအပိုင်းကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည်။ သောက်သုံးရေရရှိရေးလုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးထည့်ဝင်မှုအနေဖြင့် နိုင်ငံတော်က ၇၀ ရာခိုင်နှုန်းနှင့် အထက်၊ ကျေးရွာမှ ၃၀ ရာခိုင်နှုန်းနှင့်အောက် ထည့်ဝင်သည့်ပုံစံမျိုးဖြင့် ဆောင်ရွက်ပြီး ပုဂ္ဂလိကကဏ္ဍမှ နည်းပညာပိုင်းနှင့် ဝန်ဆောင်မှုအပိုင်းကို ဆောင်ရွက်ပေးမည့်လုပ်ငန်းပုံစံ (Business Model) မျိုးဖြင့် ဆောင်ရွက်သွားမည်ဆိုပါက ပို၍သင့်လျော်မည်ဖြစ်ပေသည်။

အလားတူ စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်ရာတွင်လည်း ဒီဇယ်အင်ဂျင်များအစား ဆိုလာစွမ်းအင်အသုံးပြုသည့်စနစ်ကို Pilot အနေဖြင့် လုပ်ငန်းရှင်တောင်သူနှင့် တိုင်းဒေသကြီးအစိုးရက ၇၀ ရာခိုင်နှုန်း ပူးပေါင်းထည့်ဝင်ပြီး သက်ဆိုင်ရာ ဌာနက ၃၀ ရာခိုင်နှုန်း ထည့်ဝင်သည့် နည်းလမ်းမျိုးဖြင့် တွက်ခြေကိုက်မှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပေသည်။ လျှပ်စစ်မီး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိပြီဆိုပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးရှုထောင့်မှ ကြည့်မည်ဆိုလျှင်လည်း ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အခြေခံလိုအပ်ချက်များ အတန်အသင့် ပြည့်စုံပြီဟု ဆိုရပေမည်။

ဤသို့ကဏ္ဍအချင်းချင်း ချိတ်ဆက်ဆောင်ရွက်သည့်နည်းဗျူဟာဖြင့် ကဏ္ဍတစ်ခုနှင့် တစ်ခု ချိတ်ဆက် ပူးပေါင်းဆောင်ရွက်သွားမှသာလျှင် ပြန်ပြည့်မြဲစွမ်းအင်အသုံးပြု ဓာတ်အားလိုင်းပြင်ပစနစ်မှတစ်ဆင့် ကဏ္ဍစုံဖွံ့ဖြိုးရေးဆီ ဦးတည်လျှောက်လှမ်းနိုင်မည်ဖြစ်ပေသည်။ ထိုသို့လျှောက်လှမ်းရာတွင် ပြည်သူ–ပုဂ္ဂလိက ပူးပေါင်းပါဝင်မှုသည် အဓိကကျသော အခန်းကဏ္ဍမှပါဝင်ပြီး အားလုံးပါဝင်လာစေရန်အတွက်မူ မြေပြင်လိုအပ်ချက်နှင့် လိုက်လျောညီထွေရှိစေမည့် သင့်လျော်မှန်ကန် တိကျခိုင်မာသည့် မူဝါဒ၊ ဥပဒေသများ ချမှတ်ထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

# ပဋိဇီဝဆေးများယဉ်ပါးလာမှု ကာကွယ်ကြစို့

ဒေါက်တာမြင့်သန်း
(ညောင်လေးပင်)

**ပဋိဇီဝဆေးများကို လွန်ခဲ့သော နှစ်ပေါင်း၂၀၀၀ ခန့်ကပင် စတင်သုံးစွဲလာခဲ့ကြသည်။ ၁၉ ရာစုအတွင်း အဏုဇီဝပညာရှင် Louis Pasteur၊ Jules Francois Joubert တို့က ဗက်တီးရီးယားပိုးများကို တွေ့ရှိရာမှအစပြုကာ သိပ္ပံနည်းကျ စနစ်ကျသော ပဋိဇီဝဆေးများ ဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ ၂၀ ရာစုတွင် လူသားများသက်တမ်းပိုရှည်လာခြင်းသည် ထိုပဋိဇီဝဆေးများကြောင့်လည်းဖြစ်သည်ဟု အသိအမှတ်ပြုကြသည်။ ၁၉၂၈ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် အလက်ဇန်းဒါးဖလီးမင်းက ပင်နစ်စလင်ဆေးကို စတင်တွေ့ရှိခဲ့သည်မှ ပဋိဇီဝဆေးများ၏ကဏ္ဍကလည်း တစ်ခေတ်ဆန်းခဲ့သည်။ ဆစ်ဖလစ်ပိုးဆိုလျှင် ဆေးမတွေ့ရသဖြင့် လူ့အသက်ပေါင်းများစွာ နှစ်ကာလများစွာဆုံးရှုံးခဲ့ရသော်လည်း ပင်နစ်စလင်ဆေးတစ်ချောင်းထိုးရုံဖြင့် ယူပစ်လိုက်သလိုပျောက်ကင်းသွားခဲ့သည်။ ပဋိဇီဝဆေးများ၏ တန်ဖိုးကြီးမားလှသော်လည်း ယခုအခါ စနစ်တကျမသုံးကြခြင်းကြောင့် ဆေးကိုပိုးမွှားတို့က ယဉ်ပါးလာသည်ကိုတွေ့နေရပါပြီ။**

ထိုပဋိဇီဝဆေးများယဉ်ပါးလာမှုသည် ကြီးထွားလာသော ကျန်းမာရေးပြဿနာတစ်ခုဖြစ်သည်။ ကူးစက်ရောဂါများ ကာကွယ်ရေး၊ ကုသရေးတို့တွင် ကြီးမားသောအခက်အခဲဖြစ်လာသည်။ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်၊ ပါရာဆိုက်၊ မှိုပိုး စသည့် ကူးစက်ရောဂါပိုးမွှားမျိုးတို့၏ ဘေးအန္တရာယ်ပြုနိုင်မှုများကိုလည်း ပိုမိုကျယ်ပြန့်လာစေသည်။ AMR (Antimicrobial Resistance) ပဋိဇီဝဆေးများကရောဂါပိုးများကို တိုက်ခိုက်ဟန့်တားနိုင်သည့် အာနိသင်သည် အပြည့်အဝမရရှိတော့ဘဲ အချိန်ကာလနှင့်အတူ လျော့ပါးလာခြင်းဖြစ်သည်။ ယင်းကြောင့်ပိုးမွှားတို့က ဆေးကိုခံနိုင်ရည်ရှိလာကြသည်။ ရောဂါပျံ့နှံ့မှုပိုကျယ်ပြန့်လာ၊ ပြင်းထန်လာပြီး အသက်အန္တရာယ်ကိုပင် ထိခိုက်လာနိုင်သည်ကို တွေ့ရပါသည်။ ထိုအခါ ရောဂါပိုးသည် “Superbugs”ခေါ် မည်သည့်ဆေးလက်နက်ကိုမှ မမှု အံတုသည့် စူပါပိုးများအဖြစ် ရောက်ရှိသွားနိုင်သည်။



**“ပဋိဇီဝဆေးများယဉ်ပါးလာမှုသည် ကမ္ဘာတစ်ဝန်း ၄၅ စက္ကန့်တိုင်း လူတစ်ယောက်ကို သေဆုံးနေစေပြီး နှစ်စဉ်လူပေါင်း ၇၀၀၀၀၀ ခန့်သေဆုံးနေရသည်။ AMR ကို ထိရောက်စွာမတားဆီးနိုင်ပါက ၂၀၅၀ ပြည့်နှစ်တွင် နှစ်စဉ် လူပေါင်း ဆယ်သန်းမျှ သေဆုံးကြရဖွယ်ရှိသည်ဟု ပညာရှင်တို့က ခန့်မှန်းကြပါသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံးအတွက် အထူးဦးစားပေး သတိပြုဖွယ်ကျန်းမာရေးပြဿနာတစ်ခု ဖြစ်ပါသည်”**

### သတိပြုဖွယ်ကျန်းမာရေးပြဿနာ

ပဋိဇီဝဆေးများယဉ်ပါးလာမှုသည် ကမ္ဘာတစ်ဝန်း ၄၅ စက္ကန့်တိုင်း လူတစ်ယောက်ကို သေဆုံးနေစေပြီး နှစ်စဉ်လူပေါင်း ၇၀၀၀၀၀ ခန့်သေဆုံးနေရသည်။ AMR ကို ထိရောက်စွာမတားဆီးနိုင်ပါက ၂၀၅၀ ပြည့်နှစ်တွင် နှစ်စဉ် လူပေါင်း ဆယ်သန်းမျှ သေဆုံးကြရဖွယ်ရှိသည်ဟု ပညာရှင်တို့က ခန့်မှန်းကြပါသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံးအတွက် အထူးဦးစားပေး သတိပြုဖွယ်ကျန်းမာရေးပြဿနာတစ်ခုဖြစ်ပါသည်။

ဆေးယဉ်ပါးမှုနှင့်အတူ ဆေးယဉ်ပါးပိုးတို့ ပေါ်ပေါက်လာခဲ့သည်ကလည်း အထူးစိုးရိမ်ဖွယ်ဖြစ်သည်။

ပင်နစ်စလင်ဆေးကို ၁၉၄၁ ခုနှစ်က စတင်သုံးစွဲခဲ့ပြီး ယင်းကို ၁၉၄၂ ခုနှစ်ကပင် ဆေးယဉ်ပါးခဲ့ပြီး Staphylococcus aureus ခေါ် ပင်နစ်စလင်ဆေးမတိုးသည့် ပိုးပေါ်ပေါက်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပင်နစ်စလင်ဆေးယဉ်ပါးသည့် Streptococcus pneumonia ပေါ်ပေါက်ခဲ့သည်။ ၁၉၅၄ ခုနှစ်ကVancomycin ပဋိဇီဝဆေးကို စတင်သုံးစွဲခဲ့ရာ ၁၉၈၈ ခုနှစ်တွင် plasmid-mediated vancomycin-resistant Enterococcus faecium၊ ၂၀၀၂ ခုနှစ်တွင် vancomycin-resistant Staphylococcus aureus ပိုးတို့ ဆေးယဉ်ပါးပိုးအဖြစ် ပေါ်ပေါက်လာခဲ့သည်။ Ciprofioxacin ဆေးကို ၁၉၈၇ ခုနှစ်က စတင်သုံးစွဲခဲ့ရာ ၂၀၀၇ ခုနှစ်တွင် ciprofloxacin-resistant Neisseria Gonorrharea ဆေးယဉ်ပါးပိုးတွေ့ရှိခဲ့သည်။ Azithromycin ဆေးကို ၁၉၈၀ ပြည့်နှစ်တွင် စတင်သုံးစွဲခဲ့ရာ ၂၀၁၁ ခုနှစ်တွင် Azithromycin-resistant Neisseria Gonorrhoea ပိုးထွက်လာခဲ့သည်။ ထိုသို့ ဆေးကိုယဉ်ပါးသောပိုးမွှားများ ထပ်မံ ပေါ်ပေါက်လာခြင်းကြောင့် ထိရောက်သော ဆေးကုသမှုများကို များစွာထိခိုက်စေလာပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဥရောပဆိုင်ရာ ဌာန (CAESAR-Central Asian and Eastern European Surveillance of Antimicrobial Resistance)က ဥရောပသာမက နိုင်ငံအားလုံး အနေဖြင့် ထိုပြဿနာကို လက်တွဲ ဖြေရှင်းကြရန် လေ့လာစောင့်ကြည့်ရေးနှင့် လိုအပ်သည်များ ဆောင်ရွက်ရန် စီမံကိန်းချဆောင်ရွက်လျက်ရှိပါသည်။ ဆေးရုံ၊ ဆေးခန်းများတွင်သာမက လူထုများအတွင်းမှာပါ ပဋိဇီဝဆေးများ၏ ယဉ်ပါးမှုပြဿနာက ကြီးထွားနေလျက်ရှိနေပါသည်။ အထူးသဖြင့် တီဘီဆေးပေါင်းစုံယဉ်ပါးမှု MDR-TB သည် ပြင်းထန်သောအခြေအနေဖြစ်လာနေပါသည်။ ယင်းသည် ကုသရခက်ခဲသော ပြဿနာလည်းဖြစ်ပါသည်။ အချိန်နှင့် အကုန်အကျများလှသည့်အပြင် ထိရောက်စွာကုသနိုင်ရန်လည်း ခက်ခဲလှပါသည်။ AMR ပြဿနာအတွက် ဆေးပညာရှင်များ အထူးကျွမ်းကျင်သော ဆရာဝန်ကြီးများ၊ ဆေးဝါးဗေဒပညာရှင်များ၊ အဏုဇီဝပညာရှင်များက အထူးကြိုးစား ဆောင်ရွက်ကြလျက်ရှိပါသည်။ ဆေးယဉ်ပါးမှုသည် တိရစ္ဆာန်ဆေးကုသမှုမှာလည်း ကြီးထွားလာနေသဖြင့် တိရစ္ဆာန်မွေးမြူကုသရေးကဏ္ဍမှာလည်း အရေးပါလာပါသည်။

### ပဋိဇီဝဆေးများ၏အရေးပါမှု

ပဋိဇီဝဆေးများသည် ရောဂါများ၏ အခြေအနေကိုလိုက်ပြီး ပြုပြင်ပြောင်းလဲခဲ့ကြသည်။ ခီမိုသာရဖီ ခေါ် ကင်ဆာဆေးကုသမှုများ၊ ကျောက်ကပ်ပျက်စီးခြင်း နောက်ဆုံးအဆင့်ရောဂါ၊ အဆုတ်ရောင်ရောဂါများ၊ ခုခံအားစနစ်ဖောက်ပြန်သည့် ရောဂါများ၊ အဓိကခွဲစိတ်မှုများ၊ အင်္ဂါအစားထိုးမှုများ၊ အဆစ်အစားထိုးမှုများ၊ နှလုံးခွဲစိတ်မှုများ စသည်တို့တွင် ကူးစက်ရောဂါပိုးများကို ထိရောက်စွာ ကာကွယ်တိုက်ခိုက်နိုင်မည့် ပဋိဇီဝဆေးများကို ဖော်ထုတ်သုံးစွဲရပါသည်။ ထိုသို့မဟုတ်ပါက နောက်ဆက်တွဲဆိုးကျိုးများ၊ ထိခိုက်မှုများနှင့် အသက်အန္တရာယ်ထိခိုက်စေနိုင်သည့်အခြေအနေများအထိ ရောက်စေနိုင်ပါသည်။

ပဋိဇီဝဆေးများသည် ရောဂါပိုးတို့၏ ဆဲလ်အကာအမြှေး၊ ပရိုတင်းတည်ဆောက်မှု၊ နျူကလီယစ်အက်စစ်တည်ဆောက်မှု၊ ဇီဝဖြစ်ပျက်မှုဆိုင်ရာ ကွန်ပေါင်းများတည်ဆောက်မှု စသည်တို့တွင် အသီးသီးဟန့်တားနိုင်သဖြင့် အလွန်အရေးပါ ထိရောက်လှပါသည်။ Cell membrane တွင် ဟန့်တားနိုင်သည်မှာ beta-lactum drugs၊ vancomycin၊ fosomycin စသည်တို့ဖြစ်ပြီး ပရိုတင်းတည်ဆောက်မှုကို ဟန့်တားနိုင်သည်မှာ tetracyclines၊ macrolides၊ aminoglycosides တို့ဖြစ်ကြသည်။ Quinolines တို့သည် DNA synthesis inhibitors များဖြစ်ကြသည်။

### အသုံးများသောပဋိဇီဝဆေးအချို့မှာ

- ပင်နစ်စလင်၊ အမောက်စီဆလင်။
- ကဖယ်လိုစပိုရင်းဆေးများ-cephalexin ။
- Macrolides-Azitjromycin,erythromycin, clarithromycin.
- Fluoroquinolines - Ciprofloxacin, Lavofloxacin. Ofloxacin စသည်တို့ ဖြစ်ကြသည်။

ထိခိုက်မှုများကြောင့် အရွယ်ရောက်သူပေါင်း ၁ ဒသမ ၅ သန်းခန့်မှာ နှစ်စဉ် sepsis ခေါ် ရောဂါပိုး ကူးစက်ခံနေရသည်။ ခွဲစိတ်ခံရမှုများကြောင့် ရောဂါပိုးများ ကူးစက်ခံနေရလေ့ရှိသည်။ ၂၀၁၇ ခုနှစ်က အမျိုးသမီးပေါင်း ၁ ဒသမ၂ သန်းမှာ C-section ခေါ် ခွဲစိတ်မွေးဖွားခဲ့ကြသည်။ ယင်းအတွက် ပဋိဇီဝဆေးများကို မဖြစ်မနေသုံးစွဲရသည်။ Chronic conditions ခေါ် နာတာရှည်ရောဂါများ၊ ဆီးချို၊ ကင်ဆာရောဂါသည်များအဖို့ ကူးစက်ရောဂါကူးစက်လွယ်သဖြင့် ပဋိဇီဝဆေးများကို အသုံးပြုရသည်။ နှစ်စဉ် ဆီးချိုရောဂါရှင် သန်း ၃၀ ကျော်တို့သည် ကူးစက်ရောဂါများအတွက် ပဋိဇီဝဆေးများကို မဖြစ်မနေသုံးစွဲနေကြရသည်။

### ဆေးယဉ်ပါးမှုများကို ကာကွယ်တားဆီးကြစို့

AMR သည် ဗက်တီးရီးယားနှင့် အခြားရောဂါပိုးမွှားတို့က ပဋိဇီဝဆေးတို့၏ အာနိသင်ကို ခံနိုင်ရည်ရှိလာသဖြင့် ရောဂါပိုးမွှားတို့က ဆေးကုသမှုကို ပိုမိုခက်ခဲလာစေပါသည်။ ဆေးကုသမှု၏ medical quality ကို ကျဆင်းစေပါသည်။ ပဋိဇီဝဆေးတစ်မျိုးမျိုးကို မလိုအပ်ဘဲပေးခြင်း၊ သတ်မှတ်ဆေးပမာဏမပေးခြင်း၊ ပိုပေးခြင်း၊ အာနိသင်မပြည့်သည့်ဆေးပေးခြင်း၊ တရားမဝင်ဆေးများထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ဆေးမှောင်ခိုဈေးကွက်မှ အရည်အသွေးမမီသော ဆေးများဖြန့်ဖြူးခြင်း၊ ဆေးဝါးများကို စနစ်တကျ မသုံးစွဲကြခြင်း၊ ဆေးဝါးများဆိုင်ရာ သတင်းအချက်အလက်မှားများ ဖြန့်ချိခြင်း၊ ဈေးကွက်အတွင်း online မှ တရားမဝင်ဆေးများ ရောင်းချကြခြင်း၊ တရားမဝင်ဆေးကုသမှုများ စသည်တို့သည် ဆေးယဉ်ပါးမှုကိုစတင်စေသည့် အခြေခံအချက်များဖြစ်ကြသည်။ ဆေးယဉ်ပါးမှုကြောင့် Drug-inactivating enzymes ခေါ် ဆေးဝါးများစွမ်းအားပျက်စေသော အင်ဇိုင်းများထွက်လာခြင်း၊ လက်ရှိသုံးနေသော ကုသမှုဆိုင်ရာ ဦးတည်ချက်များကို ပြောင်းလဲသွားစေခြင်း၊ ဆဲလ်များအတွင်း ဆေးစိမ့်ဝင်မှုကို လျော့ပါးစေခြင်း၊ ဆဲလ်များအတွင်းမှ ဆေးများကိုဖယ်ရှားပစ်ခြင်း စသည်တို့ဖြစ်စေကြောင်း တွေ့ရပါသည်။ ယခုကိုဗစ်-၁၉ ကပ်ရောဂါကာလမှာပင် ပဋိဇီဝဆေးများကို စနစ်မကျစွာ ပုံအောသုံးနေကြသည်ကို တွေ့ရသဖြင့် ယင်းသည်လည်း ဆေးယဉ်ပါးမှုအတွက် စိုးရိမ်ဖွယ်ဖြစ်ကြောင်းပညာရှင်တို့က သုံးသပ်ကြပါသည်။

ဆေးယဉ်ပါးမှုများကိုတားဆီးနိုင်ရန် အများသူတို့အနေဖြင့် ကူးစက်ရောဂါများမှ ကင်းဝေးစေရန် ကာကွယ်ဆေးများထိုးခြင်း၊ ပဋိဇီဝဆေးများကို စနစ်တကျသုံးစွဲခြင်း၊ အရည်အသွေးပြည့်ဆေးဝါးများကိုသာသုံးစွဲခြင်း၊ ဆရာဝန်နှင့် ဆေးပညာရှင်များ ညွှန်ကြားသည့်အတိုင်း လိုက်နာသုံးစွဲခြင်း၊ မိမိတို့၏ တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေးနှင့် ကိုယ်ခံအားစနစ်ကောင်းမွန်စေသည့် နေထိုင်စားသုံးမှု healthy Lifestyle ကျင့်သုံးခြင်း၊ ကျန်းမာရေးအတွက် လုံခြုံသော အစားအစာများပြင်ဆင်စားသောက်ခြင်း အလေ့အထကောင်းများကျင့်သုံးခြင်း၊ ကျန်းမာရေးနှင့် အခြားသော သတင်းအချက်အလက်မှားများကို လက်မခံနိုင်ကြစေရေး၊ ကျန်းမာရေးအထွေထွေ အသိပညာများလေ့လာလိုက်စား လက်တွေ့ ကျင့်သုံးခြင်းစသည်တို့ကို လိုက်ပါဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။

ဆေးယဉ်ပါးမှုကို အများပြည်သူတို့ အားလုံး လက်တွဲညီစွာ ကာကွယ်တားဆီးနိုင်ကြရန် အထူးလိုအပ်လှပေသည်။ ။

Reference-Antimicrobial Resistance-WHO

# စစ်ကိုင်းတိုင်းဒေသကြီးတွင် အသက်မွေးမှုနှင့် ကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးရန် စီစဉ်လျက်ရှိ

**စစ်ကိုင်း ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ကော်မတီ၏ တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း အမှတ်စဉ် (၂/၂၀၂၁) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်း အတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မိမိတို့ဒေသနှင့် စီးပွားရေးလုပ်ငန်း ခွင်အခြေအနေများအရ လိုက်လျောညီထွေမှုရှိသည့် တစ်နည်းအားဖြင့် အခြေအနေပေးသည့်လုပ်ငန်းများအတွက် အသက်မွေးမှုနှင့် ကျွမ်းကျင်မှု သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးရန်



စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးအလုပ်သမား ပပျောက်ရေးသည် အလုပ်သမားများ၏ လူမှုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရသည့် လုပ်ငန်းများဖြစ်ခြင်းကြောင့် အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် သတ်မှတ်ပြီး သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့် မဖြစ်မနေ ညှိနှိုင်းစီမံ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းက ပို့ချပေးသည့် နည်းပညာရပ်များကို စာတွေ့ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ပါဝင်စားစွာဖြင့် နာယူမှတ်သားပြီး သင်တန်းက ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများကို အပြည့်အဝ လိုက်နာကြပြီး သင်တန်းပျက်ရက် မရှိအောင် တက်ရောက်ကြရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနဦးစီးမှူး ဦးအောင်ဖြိုးက တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

အဆိုပါ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ၏ တန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းအမှတ်စဉ် (၂/၂၀၂၁)သို့ သင်တန်းသူ ၂၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# လွိုင်လင်မြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်

**လွိုင်လင် ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ်အတွင်းရှိ ခဲလောင်း၊ ပေါင်းလိုင် ကျေးရွာနှစ်ရွာတွင် သောက်သုံးရေ ဖူလုံစွာရရှိစေရေး ရည်ရွယ်၍ စိမ့်စမ်းရေပိုက်လိုင်း သွယ်တန်းခြင်း၊ ရေတားတမံ တည်ဆောက်ခြင်း၊ ရေစုကန် တည်ဆောက်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ခဲလောင်း ကျေးရွာတွင် သောက်သုံးရေ ရရှိရေးအတွက် အရှည် ၂ မိုင် ၆ ဖာလုံရှိသော စိမ့်စမ်းရေပိုက်လိုင်း သွယ်တန်းခြင်း၊ ရေတားတမံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်း၊ အိမ်တိုင်ရာ ရောက်ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ပေါင်းလိုင်ကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် အရှည် ၁ မိုင်ရှိသော စိမ့်စမ်းရေပိုက်လိုင်း သွယ်တန်းခြင်း၊ ရေတားတမံ တည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အိမ်တိုင်ရာရောက် ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၃၀ ကျော်ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက အကောင်အထည် ဖော်ဆောင်ရွက်မည် ဖြစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာနှစ်ရွာရှိအိမ်ခြေ ၇၅ အိမ်မှ လူဦးရေ ၅၀၄ ဦးအပြင် ကျွဲနွားတိရစ္ဆာန်များ အတွက်ပါ ရာသီမရွေး သောက်သုံးရေရရှိရေး အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကျော်ဟိန်းက ပြောသည်။



အဆိုပါ ကျေးရွာနှစ်ရွာတွင် စိမ့်စမ်းရေ သွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများ ကျေးရွာရေကော်မတီဝင်များနှင့်အတူ ရေထွက်ပင်ရင်း နေရာများ၊ ရေတားတမံ တည်ဆောက်မည့် အခြေအနေ၊ စိမ့်စမ်းရေပိုက်လိုင်း သွယ်တန်းမည့်လမ်းကြောင်းများ၊ ရေစုကန် တည်ဆောက်မည့် မြေပြင်အခြေအနေများကို ဒီဇင်ဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ) **ငြိမ်းသူ**

# ဆောင်းနှမ်းဈေးကွက် ဆက်တိုက်ကောင်းမွန်ခဲ့ပြီး ယခုရက်အတွင်း အနည်းငယ်အေးနေ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၂၁ ခုနှစ် ဆောင်းနှမ်းရိတ်သိမ်းခြွေလှေ့သည့် ရာသီချိန်အတွင်း ဈေးကွက်ဆက်တိုက်ကောင်းမွန်ခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း ဈေးကွက်အနည်းငယ် ပြန်လည်အေးနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ နှမ်းနက်စိုက်ပျိုးသူများထံမှ သိရသည်။ "နှမ်းနက်ဈေးကွက်က အခုရက်တော့ ပြန်အေးနေတယ်။ လအစတုန်းက ဈေးကောင်းခဲ့တယ်။ အခုမှ နည်းနည်းပြန်ကျသွားတာ။ အခုပေါ်နေတာကတော့ ဆောင်းနှမ်းပါ။ ကျန်းမာရေးအတွက် ဆေးဖက်ဝင်တဲ့ နှမ်းနက်အမျိုးအစားပေါ့။ အခုနောက်ပိုင်းကာလတွေက ရိုးရိုးနှမ်းထက်စာရင် နှမ်းနက်ကိုပဲ အများဆုံးစိုက်ပျိုးထုတ်လုပ်လာကြပါတယ်။ ဈေးကွက်လိုလားမှုရှိတဲ့ နှမ်းအမျိုးအစား ဖြစ်လို့ပါ။ နှမ်းအထွက်နှုန်း တိုးတက်ဖို့ဆိုတာက မျိုးကောင်းမျိုးသန့်အပြင် စိုက်ပျိုးရာသီချိန်မှာ ရာသီဥတုမှန်ကန်ဖို့တော့ အထူးလိုအပ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အင်ကြင်းပင်ကျေးရွာမှ နှမ်းနက်စိုက်ပျိုးသူ ဦးဟန်ထွန်းက ပြောသည်။

နိုဝင်ဘာလကုန်နှင့် ဒီဇင်ဘာလဆန်းပိုင်းအတွင်း နှမ်းနက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ ရရှိခဲ့ပြီး ယခုရက်ပိုင်းတွင် နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေကြောင်း သိရသည်။

"နှမ်းနက်ဈေးက အရင်နှစ်ကထက်စာရင်တော့ ဈေးကကောင်းတယ်ပြောရမယ်။ ဒီနှစ်က နှမ်းအထွက်နှုန်းကလည်း ကျဆင်းမှုရှိတယ်။ တောင်သူတွေကလည်း မြေဆီဈေး ဆေးဖိုးတွေ ဈေးတက်တာကြောင့် သိပ်မစိုက်ပျိုးနိုင်ကြဘူး။ အဲဒါတွေကြောင့်ပဲ ဈေးတက်တာလား၊ ဒါမှမဟုတ် ဝယ်လက်များလာလို့ပဲ ဈေးတက်တာလားတော့ မသိရပါဘူး။ ကျွန်တော်တို့ဒေသက နှမ်းနက်ကို အဓိကစိုက်ပျိုးတာပါ။ ကုန်သည်ပွဲစားတွေကတစ်ဆင့် မန္တလေးမြို့ပေါ်က ပွဲရုံတွေဆီ တင်ပို့ရောင်းချကြပါတယ်။ စိုက်စရိတ်တွေများ အထွက်နှုန်းနည်းတဲ့အတွက် နှမ်းဈေးတက်ပေမယ့်လည်း သိပ်တော့တွက်ခြေမကိုက်ကြပါဘူး"ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် နွေနှမ်းကို မေလတွင် စတင်စိုက်ပျိုးလှေ့ရှိပြီး ဇူလိုင်လတွင် ရိတ်သိမ်းကြသည်။ ဆောင်းနှမ်းကိုမူ ဩဂုတ်လကုန်တွင် စတင်စိုက်ပျိုး၍ နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ ဆည်ရေသောက်ဒေသများတွင်မူ နွေနှမ်းနှင့် ဆောင်းနှမ်းနှစ်မျိုးလုံးကို စိုက်ပျိုးလှေ့ရှိကြသော်လည်း မိုးကောင်းသောက်ဒေသ (ဆည်ရေမရရှိသည့်ဒေသ)များတွင်မူ ဆောင်းနှမ်းကို အဓိကစိုက်ပျိုးကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**



# နမ္မတူမြို့နယ်ရှိ တိုင်းရင်းသားပြည်သူများ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများရရှိစေရေး ကွင်းဆင်းဆောင်ရွက်

**နမ္မတူ ဒီဇင်ဘာ ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နမ္မတူမြို့နယ်ဦးစီးမှူးရုံးမှ နမ့်တောင်ကုန်း ကျေးရွာအုပ်စုအတွင်းရှိသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် တိုင်းရင်းသားပြည်သူများအား အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် နမ့်တောင်ကုန်းကျေးရွာ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နမ္မတူမြို့နယ် နမ့်တောင်ကုန်း ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၉ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ရေး အတည်ပြုလက်ခံဆောင်ရွက်ပေးခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ နမ္မတူမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးစိုင်းထွန်းလှထံမှ သိရသည်။

**လူမော် (ပြန်/ဆက်)**

# ဆင်အကြောင်း သိကောင်းစရာများ ညောင်ဦးမြို့နယ်ရှိ ပလင်းကမ်းသာယာဆင်ပြတိုက်ဆီသို့ လာရောက်လေ့လာနိုင်ပြီ




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာနက ဖွင့်လှစ်ထားရှိသည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်း ဖွင့်လှစ်ပြသသွားမည့် နိုင်ငံတကာအဆင့်မီ ပလင်းကမ်းသာယာဆင်ပြတိုက်အတွင်း ဆင်များနှင့်ပတ်သက်၍ ဆင်တစ်ကောင်လုံးအရိုးစု၊ ဆင်ဝန်ထမ်းများနေအိမ်၊ ဆင်များတောတွင်း လှုပ်ရှားရုန်းကန်ရပုံများကို ပလင်းကမ်းသာယာဆင်စခန်းရှိ ဆင်ပြတိုက်တွင် လေ့လာနိုင်ကြောင်း သိရသည်။

**ပလင်းကမ်းသာယာဆင်စခန်းတွင် ပြသမည့် ဆင်ပြတိုက်**

အဆိုပါ ပလင်းကမ်းသာယာဆင်စခန်းအား ၂၀၁၈ ခုနှစ် မတ် ၂၈ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ လေးနှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်းလည်း သိရသည်။ မြန်မာ့ဆင်များအား ကာကွယ်ထိန်းသိမ်းနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆင်စခန်းများ ၂၂ ခုအထိ ဖွင့်လှစ်ထားရှိပြီး ဆင်စခန်းများအတွင်း ဆင်များ၏ သဘာဝ၊ နေထိုင်မှုအလေ့အထများကို ဆင်ချစ်သူများ ပိုမိုသိနားလည်လာပြီး ပြည်သူများအနေဖြင့် ဆင်များကို ပိုမိုချစ်ခင်တန်ဖိုးထားလာတတ်စေရန်၊ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဆင်များကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို ဆင်စခန်းများထားရှိဖွင့်လှစ်ထားခြင်းများအား လက်တွေ့လေ့လာကြည့်ရှုခြင်းဖြင့် သိမြင်နိုင်ကာ ဆင်ဦးစီးနှင့် ဆင်တို့၏ ကောင်းမွန်သော ရင်းနှီးသည့်ဆက်သွယ်မှု၊ ဆက်နွယ်မှုကို သိရှိနိုင်ပြီး မြန်မာ့သဘာဝသစ်တောများတွင် တောဆင်များကို ထိန်းသိမ်းကာကွယ်နိုင်စေရန်နှင့် ဆင်နှင့်ဆင်အစိတ်အပိုင်းများ တရားမဝင် ကူးသန်းရောင်းဝယ်နေမှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပြည်သူလူထုသိမြင်နိုးကြားလာပြီး ပူးပေါင်းကူညီဆောင်ရွက်လာစေရန်၊ ဆင်များသည် ဂေဟစနစ်အား ဟန်ချက်မျှစေသည့်ကဏ္ဍတွင် အရေးပါသည်ကို ဆင်ချစ်သူများနှင့် အများပြည်သူလူထုသိရှိစေရန် ရည်ရွယ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ဌေးက ရှင်းပြသည်။

**ယခုဖွင့်လှစ်ပြသထားသည့် ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်းရှိ ဆင်ပြတိုက်တွင် ဆင်များအကြောင်းလေ့လာနိုင်**

ဆင်အကြောင်းသမိုင်း၊ အာရှဆင်များ၏ နေထိုင်ကျက်စားမှု၊ မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များ နေထိုင်ကျက်စားမှု၊ မြန်မာနိုင်ငံတွင် ဆင်များနေထိုင်ကျက်စားမှု၊ အာရှဆင်နှင့် အာဖရိကဆင်တို့၏ ခြားနားချက်၊ ဆင်များ၏ ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်၊ ဆင်စွယ်အကြောင်း သိကောင်းစရာနှင့် မြန်မာနိုင်ငံတွင် ဆင်စွယ်အမျိုးအစား ခွဲခြားထားမှုများ၊ မြန်မာ့သမိုင်းတွင် ဆင်များ၏ အရေးပါမှု၊ မြန်မာနိုင်ငံမှ ဆင်ဖြူတော်များ၊ မြန်မာနိုင်ငံမှ တောဆင်များ ဆင်စွယ်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများအတွက် သတ်ဖြတ်ခံနေရသည့် အန္တရာယ်နှင့် ကြုံတွေ့နေရသည့် နေရာပြကွက်များ၊ တောဆင်ရိုင်းများကို တရားမဝင်သတ်ဖြတ်၍ ဆင်နှင့် ပတ်သက်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကမ္ဘာတွင် တရားမဝင်ဈေးကွက်ဖြစ်ပေါ်ရောင်းချနေကြပုံနှင့် ထိုသို့ပြုမူသောပြစ်မှုများအတွက် ပြစ်ဒဏ်ချမှတ်မှုများ၊ နိုင်ငံတော်အစိုးရအနေဖြင့် တောဆင်ရိုင်းများ ကာကွယ်ရေးနှင့် ဆင်နှင့် လူပဋိပက္ခများ ဖြေရှင်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းပြကွက်များ၊ ကမ္ဘာ့ဆင်များနေ့အကြောင်းသိကောင်းစရာ၊ မြန်မာ့သစ်လုပ်ငန်း၏ အရေးပေါ်တောဆင်မောင်းအဖွဲ့ ဆောင်ရွက်နေမှုများ၊ မြန်မာ့သစ်လုပ်ငန်း၏ ဆင်များကို စနစ်တကျထိန်းသိမ်းပြုစုစောင့်ရှောက်ခြင်း ဆောင်ရွက်နေမှုများ၊ ဆင်များ၏ အလေ့အထ၊ သဘောသဘာဝ၊ အမူအကျင့်နှင့် ဇီဝကမ္မဆိုင်ရာ အချက်အလက်များ၊ မြန်မာ့သစ်လုပ်ငန်းပိုင် ဆင်များ၏ အသက်အရွယ်နှင့် အလုပ်လုပ်နိုင်စွမ်းအားကို မူတည်၍အတန်းအစားခွဲခြားထားခြင်း၊ ဆင်ဦးစီးများ ဆင်ကိုထိန်းချုပ်နိုင်သည့် အာရုံကြောနေရာများ၊ မှိန်းသင်ကြားခြင်းဆိုင်ရာ အချက်အလက်များ၊ မြန်မာ့သစ်လုပ်ငန်းမှ ဆင်အမြွာပူး မွေးခဲ့သည့်မှတ်တမ်း၊ မြန်မာနိုင်ငံတွင် ဆင်ဦးစီးများ အသုံးပြုသည့် အမိန့်ပေးသံများ(စကားလုံး) လေ့လာနိုင်မည်ဖြစ်ကြောင်း လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကိုက ရှင်းပြသည်။

ပလင်းကမ်းသာယာဆင်ပြတိုက်တွင် ဆင်များကို ထိန်းချုပ်ခိုင်းစေရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာတန်ဆာပလာများ၊ တောတွင်းဆင်ဝန်ထမ်းများနေထိုင်သည့် ဆင်ဝိုင်းပုံစံငယ်အိမ်များ၊ နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့လက်ထက်က အသုံးပြုခဲ့သည့် ဆင်မှတ်ပုံတင်စာအုပ်၊ ဆင်တစ်ကောင်ချင်းစီအတွက် အသေးစိတ်အချက်အလက်များ ရေးသွင်းထားသည့် စာအုပ်ပုံစံ(ည)၊ သစ်ထုတ်ရေးဌာန၏ ဌာနဆိုင်ရာ ညွှန်ကြားလွှာ၊ အမှုထမ်းများ လိုက်နာရန် အမိန့်လက်စွဲစာအုပ်များ၊ အမျိုးအစားမတူသည့် ဆင်စွယ်လေးစုံ၊ ဆင်သားရေ၊ ဆင်စွယ်ဖြတ်စ၊ ဆင်မြီးများ၊ အသက် ၅၆ နှစ်အရွယ်တွင် သေဆုံးခဲ့သည့် ဆင်တစ်ကောင်လုံး၏ အရိုးစုပြခန်း၊ မြန်မာ့သစ်လုပ်ငန်းမှဆင်ဦးစီးယူနီဖောင်းဝတ်စုံ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်လုပ်ကိုင်နေမှုများ၊ ဆင်ဦးစီးများ၏ တောတွင်းနေထိုင်မှုဘဝစသည့် ဗီဒီယိုဖိုင်များပြသထားသည့် ဆင်နှင့်ပတ်သက်သည့် မှတ်တမ်းဗီဒီယိုပြသပေးထားကြောင်း၊ ဆင်စွယ်များဖြစ်သည့် အခေါ်အဝေါ် သပိတ်ပိုက်ဆင်စွယ်စုံ၊ စွယ်တုတ်ဆင်စွယ်စုံ၊ စွယ်ဝိုက်ဆင်စွယ်စုံ၊ စွယ်စိုက်ဆင်စွယ်စုံများကို လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။



**အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်**

ဆင်စခန်းဝင်ကြေးအဖြစ် တစ်ထောင်ကျပ်၊ ဆင်စာတစ်ဗန်းတစ်ထောင်ကျပ်၊ ဆင်စီးခပြည်တွင်း ငါးထောင်ကျပ်နှင့် ပြည်ပဧည့်သည်များ တစ်သောင်းကျပ်တို့အား ဆင်စခန်းဝင်ကြေးကောက်ခံကာ ဆင်ပြတိုက်အား အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်အောင် စီစဉ်ထားရှိပေးထားမည်ဖြစ်ကြောင်း သိရသည်။ ပလင်းကမ်းသာယာ ဆင်စခန်း ဧရာဝတီမြစ်ဘက်အထွက် လေညင်းခံတံတား တည်ဆောက်နေရာ လျှောက်လမ်းအရှည်ပေ ၁၁၀၊ တံတားပေါ်တွင် ဆဌာဂံအဆောင် (၂၄ ပေ ၃၀ ပေ) တစ်ဆောင်ပါဝင်ကာ တံတားစုစုပေါင်းအရှည်ပေ ၁၃၀၊ တံတားလျှောက်လမ်းခန်းပွင့်အကျယ် ၈ ပေ၊ ဆဌာဂံဆောင်အခန်းဖွင့်အကျယ် ၆ ပေ၊ တံတားတိုင်ပေါင်း ၈၃ လုံး(ကျွန်း)များဖြင့် တည်ဆောက်ပြီး ဆင်ပြတိုက်နှင့်အတူလေ့လာ လေညင်းခံနိုင်ရန် ဧရာဝတီမြစ်ကြောင်းအလှကြည့်ရှုနိုင်သည်။ ရှုခင်းကြည့်တံတားပေါ်မှ ရှုခင်းကြည့်နိုင်ပြီး ဆင်စခန်းသို့ လာရောက်လေ့လာလည်ပတ်သူများနားနေနိုင်ရန် မြစ်ကမ်းဘေးတစ်လျှောက် ခြေတံရှည် ထန်းရွက်မိုးနားနေတဲများ၊ သစ်ပင်ကြီးများနှင့် တွဲတည်ဆောက်ထားသည့် နားနေဆောင်များပေါ်တွင် အပန်းဖြေနိုင်သေးကာ ပလင်းကမ်းသာယာ ဆင်စခန်းတွင် စွယ်စုံဆင်ထီးသုံးကောင်နှင့် ဆင်မလေးကောင် စုစုပေါင်းခုနစ်ကောင်ရှိပြီး ဆင်စခန်းရှိ လေဘယ်အညွှန်းလမ်းညွှန်များအားလုံး မြန်မာ– အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားထားကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## ဟားခါးမြို့၌ အသက် ၁၃ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမည်



**ဟားခါး ဒီဇင်ဘာ ၂၀**

ဟားခါးမြို့၌ နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခဲ့သည့် အသက် ၁၃ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ဒီဇင်ဘာ ၂၁ ရက်မှ ၂၄ ရက်အထိ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးကို အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း စသည့် ဆေးထိုးစုရပ်သုံးနေရာခွဲ၍ ထိုးနှံသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခဲ့သည့် အသက် ၁၃ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအပြင် အကြောင်းအမျိုးမျိုးကြောင့် တစ်ကြိမ်တစ်ခါမျှ ထိုးနှံခြင်းမရှိသေးသည့် အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများလည်း ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက် )**




## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အထက(၁) ဒသမတန်းမှ မဆုမြတ်မြတ်ဖြိုး၏ ဖခင် ဦးတင်ဇော်ဇော်လတ်(ခ) ဦးတင်ဇော်လတ် ၇/တငန(နိုင်)၀၀၀၉၆၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတင်ဇော်လတ်**

## အမည်ပြောင်း

ဦးကျော်သန့်(ခ)ဦးကျော်ထွန်း-ဒေါ်မြမြဝင်းတို့၏သား ရမည်းသင်းမြို့၊ အမှတ်(၅)မြို့မ အထက Grade-3(B) မှ မောင်ဇာနီအား မောင်ဇာနီတင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်ပြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်နေ ဦးတင်ဝင်း(ကွယ်လွန်)၏ သမီးဖြစ်သူ မသိမ့်သိမ့်သူအား ယနေ့မှစ၍ မစံပယ်ဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**စံပယ်ဖြူ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/4853 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ ရွှေဝတ်မှုံအကွက်၊ ဦးပိုင်အမှတ်(D-၄၁)မြေကွက်၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေကို ဦးမြငြိမ်း အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် အောက်ဖော်ပြပါရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီးရုံးမှ (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ်၊ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ (၁)ရက်မှ ၂၀၂၂ခုနှစ်၊ မတ်လ (၃၁)ရက်အထိ (၆)လတာကာလ မန္တလေးတိုင်းဒေသကြီးအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လောကနန္ဒာစွယ်တော်မြတ်စေတီတော်နှင့် လောကနန္ဒာ ဘေးမဲ့တောဥယျာဉ်တို့ကို ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းအတွက် လုပ်ငန်းတစ်ရပ်လုံး တင်ဒါခေါ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်**- ၂၁-၁၂-၂၀၂၁ရက်
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်**- ၂၁-၁-၂၀၂၂ရက်

တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၅)၊ မန္တလေးတိုင်းဒေသကြီးရုံး (ဖုန်း-၀၂-၄၀၆၀၂၃၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဂေါက်ကွင်းသုံး Fairway မြက်ဖြတ်စက် (5 Gang)၁ စီးနှင့် Green မြက်ဖြတ်စက် ၁ စီး ပေါင်း မြက်ဖြတ်စက် ၂ စီး(Country of origin USA)တို့အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ပစ္စည်းလက်ဝယ်ရှိသူများ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၁၂-၂၀၂၁ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၇-၁-၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ရုံးချိန်အတွင်း ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနဖုန်း- ၀၆၇-၃၄၃၂၄၉၁၊ ၀၆၇-၃၄၁၀၂၂၁ သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

* *ကျောဖုံးမှ*

လက်ဝှေ့သမား တိုင်ဆန်ဖျူရီနှင့် ဗြိတိန်၏ အအောင်မြင်ဆုံး မသန်စွမ်း အားကစားသမား ဆာရာစတိုရေးတို့သည် အဆိုပါ ဆုရွေးချယ်ပွဲတွင် ဆန်ခါတင်စာရင်းသို့ ပါဝင်ခဲ့ကြသည်။ မသန်စွမ်းအားကစားသမား ဆာရာစတိုရေးသည် ၂၀၂၀ တိုကျို မသန်စွမ်းအားကစားပြိုင်ပွဲတွင် ၎င်း၏ ၁၇ ခုမြောက် ရွှေတံဆိပ်ကို ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။

လက်ရှိကမ္ဘာ့အဆင့် (၁၉) နေရာတွင် ရပ်တည်နေသည့် ဗြိတိန်နံပါတ်တစ် တင်းနစ်မယ် ရာဒူကာနူသည် ၁၉၇၇ ခုနှစ် ဗာဂျီနီးယားဝဒီ နောက်ပိုင်း ဘီဘီစီက ရွေးချယ်ချီးမြှင့်သည့် အားကစားဆိုင်ရာ တစ်နှစ်တာအကောင်းဆုံးဆုကို ရရှိသည့် ပထမဆုံးအမျိုးသမီး တင်းနစ်မယ် ဖြစ်လာခဲ့သည်။ ရာဒူကာနူသည် ၂၀၀၄ ခုနှစ် မာရီယာရှာရာပိုဗာ နောက်ပိုင်း ဂရင်းဆလမ်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်သည့် အသက်အငယ်ဆုံး တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းတင်ထားသူဖြစ်သည်။

၂၀၂၁ ခုနှစ် အားကစားဆိုင်ရာ တစ်နှစ်တာ အကောင်းဆုံးဆုပေးပွဲတွင် အင်္ဂလန်နည်းပြ ဂါးရက်ဆောက်ဂိတ်က တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးရရှိခဲ့ပြီး တစ်နှစ်တာ အကောင်းဆုံးအသင်းအဖြစ် အင်္ဂလန်အမျိုးသားအသင်းက ရရှိခဲ့သည်။ နည်းပြဆောက်ဂိတ်သည် ယူရို ၂၀၂၀ ဗိုလ်လုပွဲသို့ အင်္ဂလန်အသင်းကို ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ထို့ပြင် ဆောက်ဂိတ်သည် အင်္ဂလန်အသင်းကို ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ အောင်မြင်အောင်လည်း ကူညီပေးထားနိုင်သူဖြစ်သည်။

**အောင်ဇော်**

## အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ သဲမြစ်အုပ်စု၊ သရက်ပင်ကျေးရွာနေ ဦးပြူး၏သားဖြစ်သူ ဦးမောင်ဝင်း (TAK-၀၈၇၉၄၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်ဝင်းမှ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၆၅)နေ ဦးမြင့်ရွှေ၏သမီးဖြစ်သူ ဒေါ်မြင့်သန္တာအောင် ၁၂/ပဘတ(နိုင်)၀၂၈၄၀၆ အား ၂၅-၇-၂၀၁၁ ရက်က "အထွေထွေကိုယ်စားလှယ်လွှဲစာ" ပေးအပ်ခဲ့ပါသည်။ ထို"အထွေထွေကိုယ်စားလှယ်လွှဲစာ"အား ၁၆-၁၂-၂၀၂၁ရက် တွင်ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးမောင်ဝင်း
TAK-၀၈၇၉၄၀

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်မို့မို့စိန်(စဉ်-၉၃၀၉/၂၀၁၃)
တရားလွှတ်တော်ရှေ့နေ
အိမ်အမှတ်(၄၀၈)၊ ပိတောက်လမ်း၊ ပြည်စံအောင်ရပ်ကွက်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၉-၄၃၀၃၅၉၉၇

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# တောင်တန်းသာသနာပြုဘုန်းတော်ကြီးကျောင်းများသို့ အသုံးအဆောင်ပစ္စည်းများလှူဒါန်း



**သီပေါ ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါ မြို့နယ် တောင်တန်း သာသနာပြုဗုဒ္ဓဘာသာပြန့်ပွားရေးအသင်းသို့ မန္တလေးမြို့ တောင်တန်းသာသနာပြုအသင်းချုပ် တောင်စလင်းတိုက် ဘာဝနာဌာန အလှူရှင်များ ပေးပို့လှူဒါန်းခဲ့သည့် ရဟန်း၊ ရှင်သာမဏေများအသုံးပြုရန် ပစ္စည်းများ မြတ်မွန်စေတနာလူမှုကူညီရေးအသင်းသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိလာသည်။

အဆိုပါ ရောက်ရှိလာသော ရဟန်းသံဃာတော်များ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် သင်္ကန်း၊ ပရိက္ခရာများ၊ ဆောင်းရာသီအသုံးပြုရန် ဂွမ်းကပ်ခြုံစောင်များ၊ ဘကကျောင်း၊ ဘုန်းတော်ကြီးသင် စာအုပ်များ၊ စာရေးကိရိယာများကို မြို့နယ်ဥပဋ္ဌာကက ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြတ်မွန်စေတနာလူမှုကူညီရေး အသင်းနာယက ဦးစိုင်းစံတင့်နှင့် ပရဟိတအဖွဲ့ဝင်များက မန်လီကျေးရွာနှင့် ဆွတ်လန်းဘုန်းတော်ကြီးကျောင်းတိုက်များသို့ သွားရောက်လှူဒါန်းကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ကျောက်မဲခရိုင်တရားမရုံးတော်၌
## ၂၀၂၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၆

ဒေါ်ရွှေစင်ဝင်း **နှင့်** ၁။ ဦးစောအောင်နိုင်
၂။ ဒေါ်သန္တာ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၇လမ်း၊ ပထမထပ်(ညာ)၊ အမှတ်(၁၅၉)နေ ၁။ ဦးစောအောင်နိုင်၊ ၂။ ဒေါ်သန္တာ (အတူနေမောင်နှမ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်ရွှေစင်ဝင်းက (၂၃-၁၁-၂၀၁၆)ရက်က တရားလိုနှင့် တရားပြိုင်ချုပ်ဆိုခဲ့သော စာချုပ်(၃)စောင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေရန်နှင့် ထိုစာချုပ်များဖြင့် တရားလိုထံမှ တရားပြိုင်ရယူထားသော မြေကွက်နှင့် စာရွက်စာတမ်းများကို ပြန်လည်ပေးအပ်စေပြီး မြေပေါ်ရှိ တရားပြိုင်၏ အဆောက်အအုံကို ဖျက်သိမ်းဖယ်ရှားပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီ ၁၀ရက် (၁၃၈၃ခုနှစ် ပြာသိုလဆန်း ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်လင်းသန့်)**
**ဒုတိယခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**

## ဗန်းမောက်မြို့တွင် ကိုဗစ်ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ဗန်းမောက် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့ မြို့နယ်ခန်းမတွင် ဒီဇင်ဘာ ၁၉ ရက်က အသက် (၁၈) နှစ်အထက်ရှိ ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ရာ ကာကွယ်ဆေးမထိုးရသေးသူများကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ တစ်ကြိမ်ထိုးနှံပြီးသူများကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း ထိုးနှံပေးခဲ့ပြီး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဗန်းမောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဌေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်လင်း ဦးစီးသော ကျန်းမာရေးဝန်ထမ်းများက ပါဝင်ကူညီ ဆောင်ရွက်ပေးကြောင်း သိရသည်။ **လူအောင်(ကသာ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဗန်းမော်၊ မြဝတီ၊ တာချီလိတ်နှင့် ကျောက်မဲမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီတွင် ဗန်းမော်မြို့ ရွှေပြည်သာရပ်ကွက် မြို့ပတ်လမ်းတွင် ထွန်းအေး (ခ) အောင်မျိုးသူ မောင်းနှင်ပြီး မာတူး (ခ) ယော်ထုန် လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် မြေနီကုန်းလမ်းဆုံ၊ အာရှလမ်းမကြီးတွင် မနီလာအောင် မောင်းနှင်ပြီး မအိမြတ်မြတ်မျိုး (ခ) အိလေး လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၉,၇၅၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက် ရှမ်းကွင်းလမ်းတွင် ပါသဲယို ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၄ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ဒီဇင်ဘာ ၁၈ ရက်ည ၉ နာရီတွင် ကျောက်မဲ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့ အမှတ်(၃)ရပ်ကွက် မန့်နားလမ်းရှိ အောင်လွင်ဦး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂,၆၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

